


ကေားဖိုးဒူ　　ဖိုးဗျားခတ်　　ဘိုးဖိုးဒူ


★ ငါ့တိုင်းပြည်နဲ့ ငါ ငြိမ်းငြိမ်းချမ်းချမ်းဘဲ နေချင်ပါတယ် ( **ကေားဖိုးဒူ** )

★ ကရင်နီပြည်အစ ဘောလခဲက လို့ဆိုရမဲ့ သူက ( **ဖိုးဗျားခတ်** )


★ ကျွဲဟာလည်ပင်းကြီးလာယင် အဖေါ်တွေကိုခတ်မှာဘဲ့ ( **ဘိုးဖိုးဒူ** )

**ပုံ ပြင် ပါ လို့ ပြော ပြန် လည်း သ မိုင်း ဖြစ် နေ တယ်**

# ကရင်နီပြည်နယ် သုံးနယ်




၁၉၆၂ ခုနှစ် ဖော်ပြ ကရင်နီ (ကယား) ပြည် မြေပုံ



# အမှာစကား

သက်ကြီးမိဘတို့နှုတ်ပြောသမျှရေးမှတ်ခြင်းကို ပြည့်စုံလုံလောက်သော ဖြစ်ရပ်မှန်များလို့ မမှတ်စေလိုပါ။ ကြားခဲ့ရသမျှတို့ကို တဆင့်ပြန်လည်ပြောဆိုရေးသား ဖေါ်ပြခြင်းသာဖြစ်ပါသည်။ ဆက်စပ်တွေးခေါ်ကြရပါမည်။ မှန်ကန်မှုအတိုင်းအတာ မည်မျှရှိသည်ကိုရာတွင် သတိပညာအလိမ္မာရှိသောပုဂ္ဂိုလ်များတို့မှ ဆင်ခြင်သုံးသပ်ရမည်သာ ဖြစ်သည်။

ကယားလီ (ကရင်နီ)အမျိုးသားတို့မှာ သမိုင်းဖြစ်ရပ်အမှန်များရှိနေပေသည်။ မူပိုင်ယဉ်ကျေးမှုများလည်း ရှိနေလေသည်။ ကာလအချိန်ရွေ့လျားပြောင်းလဲ၍ သမိုင်းနှင့်ယဉ်ကျေးမှုတို့သည် ရွေ့လျားပြောင်းလဲတတ်သော်လည်း မူပိုင်မပျောက်သွားစေရန် စာပေပညာရှင်တို့ကတတ်နိုင်သမျှထိန်းသိမ်းကြပေသည်။

၎င်းအကြောင်းကိုအခြေခံပြီး မှန်ကန်သောအကြောင်းအရာများကို ကာလအချိန်မည်သို့ပင်ရွေ့လျားပြောင်းလဲမှုများရှိစေကာမူ မူရင်းမပျောက်သွားစေရန်၊ မသိရသေးသူများမှသိစေရန်နှင့် ဇာတိသွေးဇာတိမာန် ရှင်သန်နိုးကြားတက်ကြွစေရန် ဟူ၍ ကေးဖိုးဒူ (ငယ်နာမည်ရှားရယ်)၏ အထုပ္ပတ္တိအနည်းနှင့် ကယားလီ အမျိုးသားတို့၏ လက်ဦးခေါင်းဆောင်နှစ် ဦးဖြစ်သည့် ဖိုးပျားဒတ်နှင့် ဘိုးဖိုးဒူတို့ကို ယနေ့လူငယ်လူရွယ်တို့နှင့် မိတ်ဆက်ပေးလိုက်ပါသည်။

# နိဒါန်း

ကေးဖိုးဒူ၏ အထုပ္ပတ္တိအနည်းငယ်ကို ခေတ်ကာလလူငယ်လူရွယ်တို့နှင့် မိတ်ဆက်ပေးချင်ပါသည်။ အထူးသဖြင့် ရင်းမှဆင်းသက်လာသော သားစဉ်မြေးဆက်တို့နှင့် မိတ်ဆက်ပေးချင်ပါသည်။ ဤသို့မိတ်ဆက်ပေးလိုရခြင်းမှာ ဇာတိသွေးဇာတိမာန်ပြန်၍ တဖန်နိုးကြားတက်ကြွလာလိမ့်ဟု မျှော်လင့်သည့်အကြောင်းပင်ဖြစ်သည်။ ကယားလီလူမျိုးတို့သည် ကြီးကျယ်ခမ်းနားသော မြို့ပြနိုင်ငံ၊ မင်းခမ်းမင်းနားတို့နှင့် ထင်ပေါ်ကျော်ကြားနိုင်ခဲ့သည်ဟုမဆိုနိုင်သော်လည်း (၁၈)ရာစု အင်ပါယာခေတ်ကာလမှာ အနောက်ကရင်နီပြည်သည် လွတ်လပ်သောပြည်ဖြစ်ရမည်ဟု အင်အားကြီးမားသည့် နယ်ချဲ့အင်္ဂလိပ်အင်ပါယာအစိုးရကပင် အသိအမှတ်ပြုခဲ့လေသည်။

ဤသို့အသိအမှတ်ပြုရခြင်းသည် အံ့ဩလောက်သော ထူးခြားမှုတရပ်ဖြစ်ပေသည်။ တကမ္ဘာလုံးကို မိမိသာပိုင်ဆိုင်လိုသောနယ်ချဲ့အင်္ဂလိပ်တို့သည် ဘာကြောင့်မပြောပလောက်သော၊ အင်အားချိနဲ့သော ကယားလီလူမျိုးတို့နေထိုင်သည့်ဒေသကို လွတ်လပ်သောဒေသ၊ လွတ်လပ်သောပြည်တပြည်အဖြစ် အသိအမှတ်ပြုရပါသနည်း။

ထိုအချိန်က ကယားလီလူမျိုးတို့သည် ရပ်ပိုင်းအရအမြင်မှာ မပြောပလောက်သော လူမျိုးတမျိုးဖြစ်နေပေမဲ့ သာမာ ထက်ထူးကဲမှုသည် ကယားလီလူမျိုးတွင် ပေါ်ထွန်းတည်ရှိနေခြင်းအကြောင်းပင်ဖြစ်သည်။

ထိုပေါ်ထွန်းတည်ရှိနေသည့်အကြောင်းရင်းမှာ ကေးဖိုးဒူကို ဆိုလိုခြင်းပင်ဖြစ်သည်။ ဤသို့လျှင်ကေးဖိုးဒူသည် အဘယ်သို့သောလူပုဂ္ဂိုလ်ဖြစ်နေပါသနည်း။ သူ၏အစွမ်းသတ္တိသည် အဘယ်သို့ရှိသနည်း။ သူ၏ဘုန်းတန်ခိုးသည် မည်သို့နည်းဆိုသည်များကို သိချင်၊ မေးမြန်းချင်ကြပေမည်။ သိပ်ထူးထူးခြားခြားမဟုတ်ပါဟု ဆိုရပါမည်။

ကေးဖိုးဒူသည် မရှိဆင်းရဲနွမ်းပမ်းသော မိဘမှမွေးဖွားသည်။ ရိုးသားနိမ့်ချ ဖွာ ကျင့်ကြံနေထိုင်သည်။ သေရေအရက်သောက်သုံးခြင်းမရှိ၊ အဆိပ်အတောက်ပါသည့်အစားအစာကို ရှောင်ကြည်ခြင်းအပြင် ဘုရားတရားကို အသိအမှတ်ပြုသူရှိသေ ကိုးစားသူတစ်ဦးဖြစ်သည်။ ထိုသို့ဘုရားတရားကိုရိုသေကိုးစားမှုပြုခြင်းသည် ကေးဖိုးဒူ၏ ဘုန်းတန်ခိုးကို အင်အားကြီးမားသော အင်ပါယာခေတ်အလယ်မှာ ထင်ပေါ်ကျော်ကြားလာစေသည့်အကြောင်းပင်ဖြစ်သည်။

နေမဝင်အင်ပါယာမှ အသိအမှတ်ပြုခြင်းကိုရရှိခဲ့သော အနောက်ကရင်နီပြည်ဖြစ်ခဲ့သည်သာမက ကရင်နီပြည်တစ်ခုလုံးဆက်လက်တည်မြဲရေး၊ ကယားလီတမျိုးသားလုံး ရှင်သန်တည်မြဲဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် ကြိုးစားပမ်းစားလုပ်ဆောင်ဖို့လိုအပ်နေသည်ဟု သုံးသပ်မိသည်။ အနာဂါတ်ရေးမှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာရှိနေသည်ဟု သုံးသပ်မိပါသည်။

ယနေ့လူငယ်လူရွယ်တို့သည် ကေးဖိုးဒူကဲ့သို့ရိုးသားနှိမ့်ချစွာ ကျင့်ကြံနေထိုင်တတ်ဘို့ လိုနေပါသည်။ သေရေးအရက်ကိုလည်း အထူးသတိထားဖို့လိုနေပါသည်။ လူငယ်လူရွယ်တို့သည် အနာဂါတ်ကို ပိုင်ဆိုင်သူများဖြစ်သည်။ လက်ရှိလူငယ်လူရွယ်တို့၏အခြေအနေကို ကြည့်ခြင်းအားဖြင့် အနာဂါတ်မည်သို့ရှိမည်ကို အတတ်ပြောဟောလို့ရပါသည်။ သို့ဖြစ်သည့်အတွက် ယနေ့လူငယ်လူရွယ်တို့၏ပကတိအနေအထား အဘယ်သို့ရှိနေပါသနည်း။ ဘုရားတရားရှိဖို့ လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင်မြင်တွေ့နေရသော တိုင်းပြည်နိုင်ငံအားလုံးတွင် ဘုရားမဲ့ တရားမဲ့သည့်နိုင်ငံဟူ၍မရှိပေ။ သိပ္ပံပညာကိုတတ်ကျွမ်းပြီး ဖြစ်ပေါ်တိုးတက်မှု အထွဋ်အထိပ်ကိုရရှိသော လူမျိုးတိုင်းသည်လည်း ဘုရားတရားကိုအထူးအလေးထားပြီး ယုံကြည်ကိုးကွယ်မှုအပြည့်အဝရှိသော လူမျိုးများသာဖြစ်နေကြသည်ကို သတိထားမိကြစေလိုပါသည်။

ယနေ့ခေတ်လူငယ်လူရွယ်တို့အား ကေးဖိုးဒူကဲ့သို့ဘုရားတရားကို အသိအမှတ်ပြုစေလိုပါသည်။ ဘာသာတရားကို အလေးထားစေလိုပါသည်။ ဘုရားမသိတရားမရှိ၊ တရားမသိဘုရားမရှိသော လူငယ်လူရွယ်များမဖြစ်စေချင်ပါ။ ကြက်မှာအရိုး လူမှာအမျိုးဟူ၍ ဗမာစကားပုံရှိပေသည်။ ကယားလီလူမျိုးများမှာ ထူးခြားသည့်လူမျိုးအစဉ်အလာ ရှိခဲ့ပါသည်။ ထိုရှိလာခဲ့သည့်လူမျိုး၏ထူးခြားသောအစဉ်အဆက်သည်လည်း ဆက်၍ဆက်၍ပေါ်ထွန်းနေမည်သာ ဖြစ်သည်။ ကေးဖိုးဒူကွယ်လွန်ပြီးသည့်နောက်တွင် ကယားလီလူမျိုးတို့သည် တရွေ့ရွေ့မိန်းမိန်လာနေပေသည်။ ယနေ့မှာအဆုံးစွန်ယိုယွင်းလာမှုသည်အဆုံးတိုင်သင့်လှပေပြီဖြစ်သည်။ ယိုယွင်းမိန်းမိန်လာသည့်အကြောင်းရင်းများက အဘယ်နည်း။

ဂင်္ဂါမြစ်ဝှမ်းသဲစုမက ဘုရားအဆူဆူပွင့်ခဲ့ပြီဟု ရှင်ဂေါတမဟောပြောခဲ့ဘူးပါသည်။ ပွင့်ခဲ့သမျှသော ဘုရားအဆူဆူတို့သည်လည်း ကမ္ဘာသူကမ္ဘာသားတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး သွန်သင်ဆုံးမသည့် ဩဝါဒတရားများ မပြတ်ဟောပြောခဲ့လေသည်။ ဘုရားတို့၏သွန်သင်ဆုံးမသည့် ဩဝါဒတရားတော်တို့ကို လိုက်၍ကျင့်သောလူမျိုးတို့သည် ဖြစ်ပေါ်တိုးတက်မှုများကို ရရှိသောလူမျိုးများဖြစ်နေပေသည်။ ဤသည်မှာမျက်မှောက်ကာလ၌ အထင်အရှားဖြစ်ရှိနေသော အကြောင်းများပင်ဖြစ်သည်။

ဘုရားတရားသည်လူမျိုးများအတွက်အထူးလိုအပ်နေသည်ကို 'သတိမမူ ရှုမမြင်' ဆိုစကားအရ ကယားလီလူမျိုးတို့ယိုယွင်းမိန်းမိန်လာရသည့် အကြောင်းရင်းမှာ ဘုရားတို့၏ သွန်သင်ဆုံးမသည့်ဩဝါဒများကို သတိမပြုမိခြင်းပင်ဖြစ်သည်။ ကေးဖိုးဒူသည် နောင်လာနောင်သားတို့ကို အတိအလင်းသွန်သင်မှာကြားခဲ့သောစကားများရှိခဲ့ပေသည်။ သတိမပြုမိသည့်အတွက် ယနေ့ကယားလီလူမျိုးတမျိုးသားလုံးသည် အောက်ကျနောက်ကျအနေအထားတွင် ရှိနေသည်ဟု ဆိုနိုင်ပါသည်။ ကေးဖိုးဒူသည် ပွင့်ခဲ့သမျှသောဘုရားတို့၌ အပါအဝင်တော့မဟုတ်ပါ။

သာမာ လူတစ်ဦးသာဖြစ်သည်။ အကြားအမြင်ရသူတစ်ဦးသာဖြစ်သည်။ 'ဂျိုင်းမြီးကို မြဲမြဲဆွဲကိုင်ပါ' ဟုမှာကြားခဲ့သည့်စကားကိုသတိပြုခဲ့ပါမူ ကယားလီလူမျိုးတမျိုးသားလုံးသည် ယနေ့အချိန်တွင် ကမ္ဘာပေါ်၌တင့် တယ်ခမ်းနားသော လူမျိုးတမျိုးအမှန်တကယ်ဖြစ်နေပေမည် ဖြစ်သည်။ [illegible]

[illegible]

## ရှားရယ် (ခ) ကေးဖိုးရူ

# ကျယ်စိုးကြီးနယ်

★ အနောက် ကရင်နီပြည် ဟုဆိုရာတွင် ကျယ်ဖိုးကြီးနယ် ( ကေးဖိုးကေး )နှင့် ဘောလခဲနယ် (ဖိုးဗျားဒတ်ကေး ) တို့ပါဝင်သည်။

★ အရှေ့ ကရင်နီပြည် ဟုဆိုရာတွင် ဘိုးဖိုးဒူ ထုထောင်သည့် ပွန်ချောင်း အရှေ့ဖက်မှ ထိုင်းနိုင်ငံနှင့်ဆက်စပ်သည့်ဒေသဖြစ်သည်။ ဘိုးဖိုးဒူကေးဟူ၍ ကယားလီတို့ကဆိုသည်။ ကန္တရဝတီနယ် ဟုထင်ပေါ်ကျော်ကြားသည်။

## (၁) ဒီရေမြေဟာ သင့်ဟာဘဲ၊ ဘာဖြစ်လို့ထွက်သွားလဲ၊ ပြန်သွားပါ။

[illegible]

လွန်ခဲ့သောခရစ်သက္ကရာဇ်(၁၇၅၀)ဝန်းကျင်ကဖြစ်သည်။ ကေးလျားရွာတွင် 'ကအောဖါး'အမည်ရှိ လုလင်ပျိုတစ်ယောက်နှင့် 'ကလောမာ'အမည်ရှိ ကညာ ပျိုတစ်ယောက် အချိန်တန်အရွယ်ရောက်၍ အိမ်ထောင်ပြုကြလေသည်။ အချိန်တန်၍ ဇနီးသည် 'ကလောမာ' ကိုယ်ဝန်ရလေသည်။ ကိုယ်ဝန်စတင်ရလာသည်ကို ခင်ပွန်းသည်'ကအောဖါး'မသိ၊ မိန်းမတို့၏ သဘောသဘာဝကို 'ကအောဖါး'နားမလည်။ ကိုယ်လက်ပေါ့ပါးမရှိ၊ လေးလံထိုင်းမှိုင်းပြီး စားသောက်ချင်စိတ်မရှိ၊ စားသောက်ပြန်လည်းပျို့အန်ဖြစ်နေသောဇနီးသည်အဖြစ်ကိုကြည့်ပြီး "ဒီမိန်းမဟာ သားသမီးတောင်မရသေးဘူး၊ ဒီလို ဘဲ မလုပ်ချင်မကိုင်ချင်၊ ပျင်းရိမယ်ဆိုယင် သားသမီးရလာတဲ့အခါ ဘယ်လိုလုပ်ကျွေးမလဲ'ဟုတွေးပြီး ဒီမိန်းမနဲ့ဆက်လက်ပေါင်းသင်းလို့ မဖြစ်ဘူးဟု တဇွတ်ထိုးစိတ်ပိုင်းဖြတ်ကာ 'တိတကီး'အမည်ရှိတဲ့ ကျွန်တစ်ယောက်ကိုခေါ်ပြီး အိမ်မှာရှိတဲ့နွားထီးကြီးတကောင်ကိုဆွဲကာကေးလျားရွာမှ ထွက်သွားကြလေသည်။ ရွာမှစတင်ထွက်သွားကြသည့်အခါ တောတောင်စောင့်နတ်တို့က 'ဒီရေမြေဟာ သင့်ရေမြေဘဲ၊ ထွက်မသွားပါနဲ့၊ ပြန်သွားပါ"ဟု 'ကအောဖါး'ကိုတားဆီးပြောဆိုကြလေသည်။ 'ကအောဖါး' သည် တောတောင်စောင့်နတ်မင်းတို့၏ တားဆီးပြောဆိုခြင်းကိုဂရုမစိုက်ဘဲ ရွာကိုစွန့်ခွါပြီး သွားလိုရာကိုသာ ဆက်၍ထွက်ခွါသွားလေသည်။ နောက်ဆုံးတွင် 'ဗျားဆောတမဲဆို'ခေါ်သည့် အရပ်၌ 'ကအောဖါးနှင့် ၎င်း၏ကျွန်'တိတကီး'တို့ကို ကေးဆို့([illegible])ဖမ်း၍ ဆုံးပါး သွားကြလေသည်။

## (၂)ဘထွေး၏ ကြိမ်လုံးအောက်မှ ကြီးလာသူ

[illegible]

ယောကျ်ားပစ်ထားခဲ့သော'ကလောမာ'သည် ကိုယ်ဝန်အရစ်အမာဖြစ်လာရာမှ သားယောကျ်ားတစ်ယောက်မွေးဖွားလာပြီး 'ရှားရယ်'ဟုအမည်မှည့်ခေါ်လေသည်။ သားလေး ရှားရယ်ကို မွေးဖွားပြီးနောက် ရက်လသိပ်မကြာပါ။ 'ကွယ်ရယ်'အမည်ရှိ လုလင်တစ်ယောက် သည် သားတစ်ယောက်အမေ ကလောမာကိုချစ်ကြိုက်၍ အိမ်ထောင်ထပ်မံပြုလေသည်။ ရှားရယ်သည်လည်း ဘထွေးကွယ်ရယ်၏အရိပ်အဝါသအောက်တွင် ကြီးပြင်းလာရလေတော့

သည်။ ဘထွေးကွယ်ရယ်သည် သားရှားရယ်အပေါ် ဖခင်စိတ်ကင်းမဲ့၏။ အကြင်နာတရားကင်းမဲ့ပြီး ရှားရယ်ကို နေ့စဉ်ညတိုင်းဆိုသလို ရိုက်ပုတ်ညှင်းဆဲလေ့ရှိသည်။ လက်ပြန်ကြိုးတုတ်ပြီး အိမ်ပေါ်မှကန်ချသည်။ ရှားရယ်သည်လည်းလက်ပြန်ကြိုးတုတ်တန်းလန်းနှင့် ရွာအပြင်ထွက်ပြီး မာလာကာသီးများကို လိုက်လံရှာဖွေပြီး ကုန်း၍ကိုက်စားရလေသည်။ (ထိုစဉ်အချိန်က ကေးလျားရွာ၏ပတ်ဝန်းကျင်တွင် မာလာကာပင်ပေါများလှသည်ဟုဆိုသည်)ထိုသို့ ရှားရယ်သည် ဘထွေး၏ညှင်းပမ်းနှိပ်စက်မှုအောက်မှ ဝေ်တလှည့်ပြတ်တလှည့်နှင့် ကြီးလာခဲ့ရလေသည်။

## (၃) ကျေးငှက်တွေကို မသတ်ပါနဲ့

မဗုဇ္ဇ ဋ္ဌဟဇ္ဇဓဇ္ဇ ဥဗုဒ္ဓမဂိဇ္ဇ ပဇ္ဇဂိဇ္ဇ မဇ္ဇ၊

ဘထွေး၏အမျိုးမျိုးသောညှင်းပမ်းနှိပ်စက်မှုအောက်မှ ရှားရယ်သည် တဖြည်းဖြည်း အသက်အရွယ်ကြီးလာသည့်အခါ 'မာခရော်ရှေ့'ရွာသို့သွားပြီး ဆွေမျိုးတို့၏ကျွဲများကို သွားကျောင်းရလေသည်။ ကျွဲကျောင်းရင်း ကျေးငှက်များကိုထောင်ဖမ်းသည့် အတတ်ပညာကို တတ်ကျွမ်းလာသည်။ တနှစ်သောနွေရာသီတွင် ကျွဲကျောင်းစရာမရှိ၍ ဘထွေးနှင့်မိခင်နေထိုင်ရာ ကေးလျားရွာသို့ ပြန်လာသည်။ တောမီးလောင်သောနေ့တနေ့တွင် ရွာ၏တောင်ဖက်နှစ်မိုင်ခန့်ကွာဝေးသည့် 'ခူလီတားလျား'ဆိုသည့်နေရာတွင် ငုံးငှက်များကိုသွား၍ထောင်ဖမ်းလေသည်။ ထိုနေ့တွင် ငုံးငှက်များစွာကိုထောင်ဖမ်းရရှိလေသည်။ နောက်လွယ်(ပလိုင်း ယေ်)တစ်ဝက်ကျော်အထိ ငုံးငှက်များကိုရရှိလေသည်။ ငုံးငှက်များစွာရရှိပြီး ရွာကိုပြန်လာရာတွင် သော်အာ့ဟုခေါ်သည့် လမ်းကျဉ်းတနေရာ၌အဖိုးအိုတစ်ယောက်သည် ရှားရယ်ပြန်လာသည့်လမ်းပေါ်မှာ လမ်းကိုပိတ်ပြီးရပ်နေလေသည်။ တခြားသွားစရာလမ်းလွဲလည်းမရှိ၍ ရှားရယ်သည် အဖိုးအို ရပ်နေသည့်နေရာသို့ရောက်လာသည်။ အဖိုးအိုအနီးသို့ရောက်လာသည့်အခါ အဖိုးအိုသည် "ငါ့မြေးမီးခတ်ကျောက်ခဏပေးပါလား။ အဖိုးဆေးတံသောက်ချင်လို့" ဟုပြောလေသည်။ ရှားရယ်သည်လည်း မိမိအိတ်ကပ်ထဲမှ မီးခတ်ကျောက်ကိုထုတ်ပြီး အဖိုးအိုကိုပေးလိုက်လေသည်။ အဖိုးအိုသည် ရှားရယ်ပေးလိုက်သောမီးခတ်ကျောက်ဖြင့် ဆေးတံကိုမီးညှိရင်း "ငါ့မြေး ဘယ်ကပြန်လာသလဲ။ ဘာသွားလုပ်သလဲ"ဟုရှားရယ်ကိုမေးမြန်းလေသည်။ ရှားရယ်သည် အမှန်အတိုင်း ဒီကနေ့ သူခူလီတားလျားမှာ ငုံးငှက်များကိုသွားထောင်ဖမ်းပြီးပြန်လာကြောင်း၊ ငုံးငှက်များကိုရလာကြောင်း ပြန်ပြော လေသည်။ ထိုအခါအဖိုးအိုသည်ဆက်လက်ပြီး "ငါ့မြေးရလာတဲ့ငုံးငှက်တွေ အဖိုးကိုခဏပြပါလား၊ အဖိုးခဏကြည့်ချင်တယ်"ဟု ပြောရာ ရှားရယ်သည် အဖိုးအိုအား ၎င်းလွယ်ထားသည့်နောက်လွယ်ပလိုင်းကိုပေးလိုက်လေသည်။

အဖိုးအိုလည်း ရင်းပလိုင်းထဲမှ ငုံးဥက်အသေကောင်များကို တစ်ကောင်ပြီးတစ်ကောင်နှိုက်ထုတ်ပြီး ဥက်အသေကောင်များ၏စအိုပေါက်ထဲသို့ လေမှုတ်သွင်းကာ အသက်ရှင်အောင်ပြန်လုပ်၍ လွှတ်လိုက်လေသည်။ တကောင်သာချန်ထားပြီး "ဒီတစ်ကောင်လောက်ကိုတော့ မင်းညီကိုပြန်ပေးနော်။ နောက်ဆိုရင် ဒီလိုကျေးဥက်တွေကိုမသတ်နဲ့"ဟု ရှားရယ်ကိုပြောလိုက်လေသည်။ ရှားရယ်သည်လည်း အဖိုးအိုပြန် ပေးလိုက်သော ငုံးဥက်တကောင်ကိုယူပြီး ရွာသို့ဆက်လက်ပြန်သွားလေသည်။

## (၄) သူ့သခင် သူ့ကိုခေါ်တယ်

## ဍၣ်ဟဍၣ် ၵါဍၣ် ဒၣ်လၣ်

ရှားရယ်သည်ရွာကိုပြန်ရောက်သောအခါ မိမိကြုံတွေ့ရသမျှတို့ကို မိခင်အားပြောပြလေသည်။ ထိုသို့ရှားရယ်ပြောပြသမျှတို့ကို ဘထွေးကြားသောအခါ ရှားရယ်ကိုပို၍ အမြင်ကပ်လေသည်။ 'ဒီကလေးဟာအိမ်မှာ အလုပ်လုပ်ဘို့ပျင်းလို့ တောထဲမှာတစ်နေကုန်သွားပုန်းနေပြီး ပြန်လာလိမ်ညာပြောရကောင်းလား'ဟုဆိုပြီး ရှားရယ်ကိုမညှာမတာ ရိုက်ပုတ်လေတော့သည်။ ယင်းသို့ပင်ဘထွေးကရိုက်ပုတ်သော်လည်း ရှားရယ်သည်ငြိမ်၍သာ ဘထွေးပြုသမျှကိုခံပေးလေသည်။ ယခင်ကထက် ဘထွေးသည်ရှားရယ်ကိုရိုက်ပုတ်ညှင်းဆဲလေတော့သည်။ တနေ့တွင် ရှားရယ်သည် ရွာမှရုတ်တရက်ပျောက်သွားလေသည်။ မိခင်မှာသားပျောက်သွား၍ အလွန်ပင်စိုးရိမ်နည်းပူဆွေးသောကရောက်လေသည်။ ဘထွေးကမူ 'ဒီလူပျင်းကလေးတောထဲမှာသွားသေပြီ၊ အခုမှဘဲအေးသွားပြီ' ဟုပြောကာ တစ်စက်မှဝမ်းမနည်းပေ။ မိခင်သည် သားပျောက်ခြင်းနှင့်ပတ်သက်၍ ကောင်းခြင်း၊ ဆိုးခြင်းမည်သို့ရှိသည်ကို သက်ကြီးရွယ်အိုတို့နှင့်တိုင်ပင်ပြီး ကြက်ရိုးထိုးကာ ဘုရားသိကြားကိုမေးမြန်းလေသည်။ ကြက်ရိုးပြောပြချက်အရ ရှားရယ်သည်ဘာမှမဖြစ်၊ ကောင်းကောင်းမွန်မွန်ရှိနေသည်၊ သူ့သခင်သူ့ကိုခေါ်သွားခြင်းသာဖြစ်သည်ဟု သိရလေသည်။

## (၅) သူ့သခင် သူ့ကို ပြန်လွှတ်လာပြီ

## ဍၣ် ဟၢဍၣ်ၵါဍၣ် ဍၣ်ဍၣ် ၵါမၣ်ဍၣ် ဍၣ်ဟၢဍၣ် လၣ်ဍၣ်၊

ရှားရယ်အား ၎င်း၏သခင်မှသူ့ကိုခေါ်၍ ရွာကနေပျောက်သွားခြင်းဖြစ်သည်၊ အချိန်တန်လျှင်ပြန်ရောက်လာမည်ဟု ကြက်ရိုးထိုးမေးမြန်းခြင်းအရသိရသော ရွာသူရွာသားတို့သည် ရှားရယ်၏နေအိမ်တွင် ညစဉ်ညတိုင်းလာရောက်စုရုံးကြပြီး ပုံပြောင်းတီးကာ ကခုန်ကြလေသည်။ ထိုသို့ရွာသူရွာသားများ အိမ်မှာလာရောက်ပြီး ညစဉ်ညတိုင်းကခုန်ကြသည်ကို ရှားရယ်၏

ဘထွေးမှာအကောင်းမဆို ဆူပူကြိမ်းမောင်းတိုင်းထွာဆဲဆိုလေသည်။ တရွာလုံးနှင့်လည်း ရန်တွေ့လေသည်။ ‘ဘာမဟုတ်တဲ့လူပျင်းကလေး တောမှာသွားသေပါများ မင်းတို့ကရေးကြီးခွင်ကျယ်နဲ့ အိမ်မှာလာလုပ်နေကြတယ်’ ဟုပြောကာ ကြိမ်းမောင်းဆဲဆိုလေသည်။ မည်သို့ပင်ရှားရယ်၏ ဘထွေးကဆဲဆိုသော်ငြားလည်း ရွာသားအားလုံးကမူ ကြက်ရိုးထိုးမေးမြန်းချက်အရ ရှားရယ်သည် သာမန်ရွာကနေပျောက်သွားခြင်းမဟုတ်၊ သူ့သခင်သူ့ကိုခေါ်၍သာ ရွာကနေပျောက်သွားခြင်းဖြစ်ပြီး အချိန်တန်လျှင်သူ့သခင်သူ့ကိုပြန်လွှတ်လာမည်ဟုသာ စွဲစွဲမြဲမြဲယုံကြည်ပြီး ရှားရယ်နေသည့်အိမ်တွင် ညစဉ်ညတိုင်း လာရောက်စုရုံးကြကာ ဗုံမောင်းတီးပြီး ကခုန်မြူးမြူးပြကြလေသည်။ ထိုသို့ရှားရယ်ပျောက်သွားသည်မှာ တဖြည်းဖြည်းရက်ပေါင်းကြာရာမှ လပိုင်းသို့ကြာလာသောအခါ မိခင်သည် သားအတွက်အလွန်ပူပန်၍ ရွာလူကြီးများနှင့် မည်သို့လုပ်ရမည်ကို တိုင်ပင်ပြန်လေသည်။ ရွာလူကြီးတို့ကလည်း ထပ်မံပြီးရှားရယ်နှင့်ပတ်သက်၍ ကြက်ရိုးထိုးကာဘုရားသိကြားကို မေးမြန်းပြန်လေသည်။ ကြက်ရိုးမေးမြန်းချက်အရ ရှားရယ်သည်ရွာအနီးအနားတနေရာတွင် သူ့သခင်သူ့ကိုပြန်ပို့ထားပြီးဖြစ်ကြောင်း၊ သူ့အမေနဲ့အဒေါ်နှစ်ဦးမှ ရွာ၏အရှေ့တောင်ဖက်မှာသွားရှာကြပါက သူ့ကိုတွေ့မည်ဟုသိရလေသည်။ ထိုသို့သိရ၍ ရှားရယ်၏မိခင်သည် သူမ၏အစ်မ ‘ရှေးမို’ ကိုခေါ်ပြီး ရွာ၏အရှေ့တောင်ဖက်ကိုထွက်ပြီး ရှားရယ်ကိုရှာကြလေသည်။ မိခင်နှင့်အဒေါ်ရှေးမိုတို့သည် ရွာ၏အရှေ့တောင်ဖက်တွင် တတောင်တက်တတောင်ဆင်း၊ တတောဝင်တတောထွက်နှင့် တနေကုန်လိုက်ရှာကြရာတွင် ရှားရယ်ကိုမတွေ့ရဘဲ ညနေစောင်း၍ ရွာပြန်ချိန် ရောက်သည့်အတွက် ရွာဖက်ကိုပြန်လာကြလေသည်။ ရွာဖက်ကိုပြန်လာရင်း ရွာမရောက်ခင်တစ်မိုင်ကျော်ကျော်ရွာနှင့်ဝေးသေးသည့် ‘တသိုးလောလဲ’ ကုန်းတွင် အမောပြေခဏနားကြလေသည်။ နားနေကြစဉ် ပြန်လာခဲ့သောလမ်းဖက်သို့ပြန်၍လှည့်ကြည့်ကြသောအခါ ‘တသိုးဖုလဲ’ ခေါ်သောနေရာတွင် သစ်ပင်ရိပ်တစ်ခုအောက်၌ လူတစ်ယောက်ထိုင်နေသည်ကို လှမ်းမြင်ကြရလေသည်။ ထိုသို့လူတစ်ယောက်သစ်ပင်အောက်မှာထိုင်နေသည်ကို မိခင်ဖြစ်သူက ‘ခုနကဟိုသစ်ပင်အောက်မှာဘယ်သူမှမရှိပါဘူး၊ အခုလူတစ်ယောက်ထိုင်နေတယ်၊ သားရှားရယ်ဖြစ်မလား၊ သွားပြန်ကြည့်ရင်ကောင်းမယ်’ ဟု အစ်မဖြစ်သူကိုပြောလေသည်။ အစ်မဖြစ်သူက ‘မဖြစ်နိုင်ပါဘူး၊ လာပြန်ကြမယ်၊ တစ်ခြားလူတစ်ယောက်ယောက်ဖြစ်မှာပါ၊ မနက်ဖြန်မှဘဲတစ်ခါထပ်ပြီးလာရှာကြမယ်’ ဟု ပြောပြီး ရွာပြန်ရန်လုပ်နေခိုက်မှာပင် မိခင်ဖြစ်သူက ‘အရင်ပြန်နှင့်၊ ငါခဏပြန်ပြေးဆင်းပြီး အဲဒီထိုင်နေတဲ့လူကိုသွားပြန်ကြည့်လိုက်အုံးမယ်’ ဟု ပြောရင်း လာခဲ့သောလမ်းဖက်သို့ ပြန်ပြေးဆင်းသွားလေသည်။ အစ်မဖြစ်သူကလည်း ရွာဖက်ကိုမပြန်ဖြစ်တော့ဘဲ ညီမနောက်ကိုလိုက်၍ ပြေးလေသည်။ ထိုသစ်ပင်အောက်တွင်ထိုင်နေသောလူသည် ရှားရယ်ဖြစ်

နေသည်ကို မြင်တွေ့ကြရလေသည်။ မိခင်နှင့်အဒေါ်တို့မှ ရှားရယ်ကိုရွာပြန်ဘို့ပြောလေသည်။ ထိုအခါရှားရယ်က 'သင်တို့နဲ့အတူ ရွာထဲမှာလိုက်ပြန်နေ လို့မရတော့ဘူး' ဟု ပြန်ပြောလေသည်။ မိခင်ဖြစ်သူက 'အမေတို့လှမ်း၍မြင်နိုင်သောရွာအနီးအနားတစ်နေရာမှာပြန်နေပါ၊ သားစားတတ်သမျှအမေတို့ရှာပြီးပို့လာပေးမယ်' ဟုပြောလေသည်။ ရှားရယ်သည် မိခင်ပြောသောစကားကို နားထောင်ကာ ရွာကနေလှမ်း၍မြင်နိုင်သည့် 'ဒီးတနော' ကုန်းတွင် ပြန်၍နေထိုင်လေသည်။

## (၆) ဖိုးဗျားဒတ်မှ ရှားရယ်ကို ခေါ်တွေ့ပြီး အကဲစမ်းခြင်း

ဂိဠ္ဍ ႈဟဠ္ဍဧဒ ဒဲမဟဒ ပဲဟဠ္ဍ် ၵဟဒဂျဒဲ ပဲဟပ္ဍ ဥ္ဓဍ္ဍ်ဍ္ဓဒဲ မဟဒ

ရှားရယ်သည် ရွာကနေရတ်တရက်ပျောက်သွားပြီး ကြက်ရိုးပြောသကဲ့သို့ ပြန်၍တဖန် အချိန်တန်၍ရွာကိုပြန်ရောက်သည့်အခါ ယခင်ကကဲ့သို့မဟုတ်တော့ဘဲ တမျိုးတဖုံပြောင်းလဲသွားသည်ကို ရွာသားများက အံ့သြစွာဖြင့်တွေ့ကြရလေသည်။ အပြောအဆို၊ အစားအသောက် အနေအထိုင်ကအစ ယခင်ကနှင့်မတူတော့ဘဲ အစစအရာရာပြောင်းလဲသွားလေသည်။ တရွာလုံးက 'ရှားရယ် 'ပရာယ်ပရိ' တစ်ယောက်ဖြစ်သွားပြီ' ဟုပြောဆိုကြလေသည်။ (ပရာယ်ပရိဆိုသည်မှာ ပရောဖက်(သို့)သိမြင်တတ်စွမ်းသူဖြစ်သည်) ရှားရယ်၏အမည်သတင်းသည် ပတ်ဝန်းကျင်ရှိရွာများသို့ ပျံ့နှံ့ကျော်ကြားသွားလေတော့သည်။ ဘောလခဲရွာတွင်နေထိုင်သော အသက်ကြီးရင့်သူ ပရာယ်ပရိဖိုးဗျားဒတ်သည်လည်း ရှားရယ်၏အမည်သတင်းကို ကြားသိသွားတော့သည်။ (ပရာယ်ပရိဖိုးဗျားဒတ်သည် ကရင်နီလူမျိုးအားလုံးတို့၏ ကြည်ညိုလေးစားခြင်းကို ရရှိသူဖြစ်သည်။) ရှားရယ်အမည်ရှိသောကေးလျားရွာမှ လူငယ်တစ်ယောက် ပရာယ်ပရိဖြစ်လာသည်ကို ဖိုးဗျားဒတ်ကြားသိရသောအခါ တကယ်ပရာယ်ပရိတစ်ယောက်ဟုတ်/မဟုတ်ကို သိလို၍ ကေးလျားရွာကသက်ကြီးရွယ်အိုတို့အား မိမိထံသို့ရင်းလူငယ်ကို ခေါ်လာပေးရန် မှာကြားလိုက်လေသည်။ ဖိုးဗျားဒတ်က ရှားရယ်ကိုမြင်တွေ့လိုကြောင်း မှာကြားလာသည့်အတွက် ရွာလူကြီးတို့သည်ရှားရယ်ကို ခေါ်ပြီး ဖိုးဗျားဒတ်ရှိရာ ဘောလခဲသို့သွားကြလေသည်။ ဘောလခဲသို့ရောက်သွားသောအခါ ဖိုးဗျားဒတ်သည် ရှားရယ်ကိုစေ့စေ့ကြည့်ပြီး "ငါ့မြေး ငါ့နောက်ကိုခဏလိုက်ပါ" ဟုပြောပြီး ပွန်ချောင်းထဲသို့ဆင်းသွား လေသည်။ ရှားရယ်သည်လည်း ဖိုးဗျားဒတ်ခေါ်သည့်အတိုင်း ပွန်ချောင်းထဲသို့လိုက်သွားလေသည်။ ပွန်ချောင်းထဲသို့ရောက်သွားကြသောအခါ ဖိုးဗျားဒတ်သည် အနီးအနားရှိဝါးရုံတရုံမှ ဝါးအခက်အလက်အနည်းငယ်ကိုချိုးယူပြီး ချောင်းရေပြင်ပေါ်သို့ပစ်ချလိုက်လေသည်။ ထိုပစ်ချလိုက်သော ဝါးအခက်အလက်တို့သည် ချောင်းတစ်ဖက်ကမ်းသို့ကူးသွားရန် တံတားတစ်ခုဖြစ်လာပြီး ဖိုးဗျားဒတ်သည် ရင်းဖန်ဆင်းလိုက်

သောတံတားဖြင့် ချောင်းတစ်ဖက်ကမ်းသို့ကူးသွားလေသည်။ ထိုအခါရှားရယ်သည် ၎င်းတံတားဖြင့် ဖိုးဗျားဒတ်နောက် ချောင်းတဖက်ကမ်းသို့လိုက်မကူးသွားဘဲ မိမိအိတ်ကပ်ထဲမှ အပ်ချည်လုံးကိုထုတ်ပြီး ချောင်းတဖက်ကမ်းသို့လှမ်းပစ်လိုက်လေသည်။ ထိုအပ်ချည်ကြိုးဖြင့် ရှားရယ်သည် ဖိုးဗျားဒတ်ရှိရာချောင်းတဖက်ကမ်းသို့ လိုက်၍ကူးသွားလေသည်။ ထိုသို့ ရှားရယ်သည် မိမိနောက်ကိုလိုက်ရာတွင် မိမိဖန်ဆင်းလိုက်သောတံတားဖြင့် လိုက်မလာဘဲ ၎င်းနည်း၎င်းဟာဖြင့် လိုက်လာသည်ကိုမြင်တွေ့ရသည့်အခါ ရှားရယ်သည် ပရာယ်ပရိတစ်ဦး တကာယ်ဖြစ်နေသည်ကို ဖိုးဗျားဒတ်သိရှိရလေသည်။ (ပါဟဖၢဟၣ်ဒၣ် ကမ့ၢ်ပမၤစၢၤဧၣ် ဒၣ်မ့ၢ်ဂီၢ်ခွဲၣ် ဆူၣ်ဂၢၢ်ဂ့ၤဧၣ်)ဟူ၍စကားပုံရှိပါသည်။

## (၇)ဖိုးဗျားဒတ်၏ မေးခွန်းကို ရှားရယ်ဖြေကြားခြင်း

## ဂီၣ်ကဟဥ္ဆဓ ဘဒ္ဓိဆဟဥ္၊ ဘဟဥ္ဂၣ်ခွဲ မ့ၢ်ဖိဘၣ်ဧမ့ၢ်ခွဲ

ရှားရယ်ဟာပရာယ်ပရိတစ်ဦးတကာယ်ဖြစ် နေသည်ကို ဖိုးဗျားဒတ်သိရပြီးသောအခါ “ငါ့မြေးတိုင်းပြည်နိုင်ငံတို့ကို တိုက်ခိုက်သိမ်းယူပြီး ကိုယ့်နိုင်ငံကိုထူထောင်လိုသလား” ဟုမေးမြန်းလေသည်။ ထိုသို့မေးမြန်းသည်ကို ရှားရယ်က ‘ငါဘယ်သူ၏တိုင်းပြည်တို့ကိုမတိုက်ခိုက်မသိမ်းပိုက်လိုပါ၊ ငါ့တိုင်းပြည်နှင့်ငါ ငြိမ်းငြိမ်းချမ်းချမ်းဘဲနေထိုင်လိုပါတယ်’ဟု ပြန်ဖြေကြားလေသည်။ ၎င်းနောက် ဖိုးဗျားဒတ်က ‘လူဖြူအင်္ဂလိပ်တွေ ဒို့ဆီကိုရောက်လာလိမ့်မယ်၊ သူတို့ကိုစစ်တိုက်မလား၊ ဘယ်လိုသဘောထားမလဲ’ဟု ထပ်၍မေးမြန်းလေသည်။ ထိုသို့မေးမြန်းသည်ကို ရှားရယ်က ‘ဒီဗျိုင်းဖြူတွေဟာ ဒို့နေတဲ့ဒီတောင်ပေါ်ကိုလာဒါဟာခဏပါ၊ အချိန်တန်ရင် သူတို့နေရာမြေနိမ့်ပိုင်းဆီကိုပြန်သွားမှာပါ။ သူတို့ကိုငါဘာမှမလုပ်လိုပါ’ဟု ပြန်ဖြေကြားလေသည်။ ထိုသို့ဖြေကြားသည်ကို ဖိုးဘျားဒတ်က ကောင်းတယ်ငါ့မြေး မင်းရွှာ မှာပြန်နေပါ၊ အချိန်တန်ရင် မင်းတိုင်းပြည်နိုင်ငံရှိလာပါမည်’ဟုပြောပြီး ၎င်း၏အိမ်ရှိ ကျွာရွှာဖက်သို့ ပြန်တက်သွားကြလေသည်။ (၁၈ ရာစုအင်ပါယာခေတ်မှာ ကြီးကျယ်ခမ်းနားတဲ့အင်္ဂလိပ်တို့နှင့် ၁၈၅၇တွင် မဟာမိတ်ဖွဲ့နိုင်ခြင်း။ ၁၈၈၅ ခုနှစ်တွင်အင်္ဂလိပ်နှင့်ဗမာဘုရင်တို့မှ အနောက်ကရင်နီကို လွတ်လပ်သောပြည်တပြည်ဖြစ်သည်ဟု အသိအမှတ်ပြုကြခြင်းတို့သည် အချိန်တန်၍ ကေးဖိုးဒူ တိုင်းပြည်ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။)

## (၈)ကျေးငှက်က သူ့ကို ကေးဗိုးဒူလို့ နာမည်မှည့်တယ်

### ပဍဵုဂိၚ်ဒ် ဒဲမပဍ္ဍ ဍၟဍဒ ဘၟုၚ်ဂိၚ်

ဖိုးဗျားဒတ်နှင့်ရှားရယ်ပွန်ချောင်းချောင်းထဲသို့ဆင်းသွားကြပြီး အိမ်ကိုပြန်ရောက်လာကြသည့်အခါတွင် ရှားရယ်ကိုလာပို့ကြသော ကေးလျားရွာလူကြီးတို့သည် ဤသူငယ်အား ဘွဲ့နာမည်တစုစုမှည့်ခေါ်ပေးရန် ဖိုးဗျားဒတ်ကို တောင်းဆိုကြလေသည်။ ထိုသို့တောင်းဆိုသည်ကို ဖိုးဗျားဒတ်က 'ဒီသူငယ်ဟာ ဘုန်းတန်ခိုးကြီးမားတဲ့အတွက် သူ့ဘွဲ့နာမည်ကိုငါမမှည့်ခေါ်ပေးနိုင်ပါ၊ သင်တို့ပြန်သွားကြတဲ့အခါ လမ်းမှာဂရုစိုက်ပြီး နားထောင်ပြန်ကြပါ၊ ကျေးငှက်တွေက သူ့ကို ဘွဲ့နာမည်တစုစုမှည့်ခေါ်ပေးကြပါလိမ့်မယ်ဟု ပြန်ပြောလေသည်။ ထို့နောက်တွင် ရှားရယ်နှင့် ရွာလူကြီးတို့သည် ကေးလျားရွာသို့ပြန်သွားကြရန် ဘောလခဲမှပြန်လည်ထွက်ခွါကြလေသည်။ ထိုသို့နှင့်'လောပလောဆို'ခေါ်သည့်နေရာကိုပြန်ရောက်လာကြသောအခါ ခရီးသွားလာသူတို့ နားလေ့ရှိသော တောင်ထိပ်တနေရာတွင် ခဏနားကြလေသည်။ ၎င်းတောင်ထိပ်တွင်ခဏနားကြစဉ် အနီးအနားရှိသစ်ပင်တစ်ပင်ပေါ်၌ ငှက်တစ်ကောင်သည် လာရောက်နားနေပြီး 'ကေးဖိုး... ကေးဖိုး...ကေးဖိုး' ဟုအော်လေသည်။ ထိုငှက်အော်သံကို ရွာလူကြီးတို့ကြားကြသောအခါ ဖိုးဗျားဒတ်မှာလိုက်သောစကားကို သတိရကြသည်နှင့် 'ဒီငှက်အော်သံဟာဆန်းကျယ်တယ်၊ ရှားရယ်ကိုဘွဲ့နာမည်လာမှည့်ခေါ်ပေးတာ ဖြစ်ရမယ်' ဟုအချင်းချင်းပြောဆိုကြလေသည်။ သို့နှင့် ထိုငှက်အော်သံကိုအကြောင်းပြုကာ ထိုအချိန်ကစပြီးရှားရယ်ကို 'ကေးဖိုး ' ဟူသော အမည်သစ်ကိုစတင်မှည့်ခေါ်ကြလေသည်။ နောင်ကြီးပြင်းလာသောအခါ ဘုန်းတန်ခိုးလည်းကြီးပြင်းလာသည့်အတွက် 'ကေးဖိုးဒူ'ဟူ၍ ထင်ပေါ်ကျော်ကြားလေတော့သည်။

(ကေး– ပြည်။ ဖိုး– အပွင့်။ ဒူ– ကြီးသည်။)

(ကေးဖိုးဒူ– ပြည်ပွင့်ကြီး ဖြစ်သည်။)

## (၉)သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်

### ဍုၚ်ဗ်ု ဆဍ္ဍိမဍ ဍဂိၚ် ဒဍဲပဍ္ဍိမဍ ဍဍုဲ

ရှားရယ်(ခ)ကေးဖိုးဒူသည် ဘောလခဲရွာတွင်နေထိုင်သောဖိုးဗျားဒတ်နှင့် သွားရောက်တွေ့ပြီးနောက် မိမိရွာတွင် အသက်အရွယ်အတော်ကြီးသည့်တိုင် အိမ်ထောင်မပြုဘဲ လူပျိုဘဝနှင့် နေထိုင်ခဲ့လေသည်။ ရွာလူကြီးကမကြာခဏဆိုသလို 'သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဖို့ကောင်းပြီ' ဟု နားချကြသည်။ ထိုသို့အိမ်ထောင်ပြုဖို့ ရွာလူကြီးတို့ကပြောဖန်များလာ၍ ကေးဖိုးဒူလည်း

ငှက်များတိုက်ဖြိုက်ရောဂါဖြင့် (၁၉၅၆)ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ သက်တော်ထင်ရှားရှိစဉ် အခါ တိုင်းရေးပြည်ရေးများကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော နွှီးတဦးဖြစ်သည်။ ဓဝေါပိုတိုက်၊ ဘူးကိုနှင့် ကွားခီးအကြားတောင်ထိပ်တနေရာတွင် သီဂြိုလ်သည်။

(၈) နွှီးအုဖ် (နယ်အုပ်အုဖ်)။ ။ နယ်အုပ်အုဖ်သည် နွှီး(စောဖျာ)ကြီးရယ်ကွယ်လွန်ပြီးသည့် နောက် (၁၉၅၇)ခုနှစ်တွင် အဋ္ဌမမြောက်နွှီးအရိက်အရာကို ဆက်ခံသောသူတဦးဖြစ်သည်။ ကေးဖိုးဒူနှင့်ရှေးမိုတို့၏ သမီးထွေးလီးမာမှဆင်းသက်လာ၍ ကေးဖိုးဒူ၏သားစဉ်မြေးဆက်တဦးဖြစ်သည်။ ၎င်းအုပ်ချုပ်သည့်အချိန်သည် အမျိုးသားချင်းမသင့်မတင့်ကြဘဲ အမျိုးသားချင်းစည်းလုံးညီညွတ်မှု ပြိုကွဲနေသောအချိန်ဖြစ်သည်။ ကရင်ဖြူလိုလားသူ၊ ဗမာလိုလားသူဟူ၍ စိတ်ဝမ်းကွဲနေကြသည်ဟုဆိုနိုင်သည်။ မထင်မရှားအုပ်ချုပ်ခဲ့သည်။ နိုင်ငံရေးနိုးကြား(မှု)မရှိသေးသော ဘိုးဘွားပိုင်အုပ်ချုပ်ရေးနယ်မြေများမှ လူထုကိုယ်စားလှယ်တော်များ၎င်းထံဝင်ရောက်ပြီး ဘိုးဘွားခေတ်က အစဉ်အလာအုပ်ချုပ်ရေးကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဗမာအသုံးအနှုန်းလွှမ်းမိုးလာ၍ ၎င်းကိုနွှီးအုဖ်ဟုမသုံးမနှုန်းကြတော့ဘဲ နယ်အုပ်အုဖ်ဟု သုံးနှုန်းခေါ်ဝေါ်လာကြခြင်းဖြစ်သည်။ (၁၉၆၂)ခုနှစ်တွင် ဗမာစစ်ဗိုလ်၊ ဗိုလ်နေဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိုးရအာဏာကို သိမ်းပိုက်ခဲ့သည်။ လွတ်လပ်သောအနောက်ကရင်နီပြည်ကိုလည်း ဝင်ရောက်ဖွက်ဖက်လာသည်။ ထိုအချိန်ကစပြီး ကေးဖိုးဒူထူထောင်သောပြည်နှင့် ဆွေစဉ်မျိုးဆက်အုပ်ချုပ်လာခြင်းတို့သည် တစ်ခန်းရပ်ဖြစ်သွားတော့သည်။ သို့သော် သူတည်ထောင်ထားခဲ့သောကရင်နီပြည်သည် ယနေ့(၂၀၀၇) ခုနှစ်အထိ သက်တော်ထင်ရှားလျှက် ရှိနေပေသေးသည်။

မှတ်ချက်။ ။ နှစ်ပေါင်း (၂၀၀)အတွင်း ကြယ်ဖိုးကြီးနယ်(ကေးလျားကေး)သည် အစဉ်အဆက်အုပ်ချုပ်သည့်မင်းဆက်များဖြင့် အထင်အရှားရှိနေခဲ့သည်။ တိုင်းသူပြည်သားများမှာလည်း ငြိမ်းချမ်းပျော်ရွှင်စွာနေထိုင်လုပ်ကိုင်စားသောက်လာခဲ့ရပေသည်။ ဆင်မြင်းဗိုလ်ပါခြံရံပြီး မင်းခမ်းမင်းနားအထိုက်အလျောက်ရှိလာခဲ့သည်။ အုပ်ချုပ်သည့်အကြီးအကဲလက်အောက်တွင် ငြိမ်းချမ်းစွာစုစည်းနေထိုင်လာခြင်းသည် တိုင်းပြည်နိုင်ငံအဆင့်အတန်းပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်းရွေ့လျားပြောင်းလဲနေခြင်းကိုမလိုက်မှီ၍ အထင်အရှားရှိလာခဲ့သည့် မိမိတို့၏လူ့ယဉ်ကျေးမှုအဆင့်တစ်ဆင့်သည် မထင်မရှားသည့်အနေအထားတွင်ရောက်ရှိသွားခဲ့သည်ကို ယခုမျိုးဆက်သစ် လူငယ်လူရွယ်များမှ မျက်ဝါးထင်ထင်မြင်တွေ့ကြရခြင်းဖြစ်သည်။ ဤသို့ဖြစ်လာရခြင်းမှာ ဖြစ်ပေါ်တိုးတက်သည့်ခေတ်ပညာကို အလေးမထားမိသော မိမိတို့ဘိုးဘွားတို့၏ အားနည်းချက်ဟုဆိုရပါမည်။ သို့ဖြစ်သည့်အတွက် လူငယ်များပညာကို ကြိုးပမ်းသင်ယူကြခြင်းအားဖြင့် ရှိခဲ့ဘူးသည့် မင်းခမ်းမင်းနားကို ပြန်လည်ဖေါ်ထုတ်ကြစေလိုကြောင်း။

*ကအောဖါးသည် ကလောမာနှင့် အိမ်ထောင်ပြု၍ ရှားရယ်(ခ)ကေးဖိုးဒူကို မွေးဖွါး သည်။
*ရှားရယ်(ခ)ကေးဖိုးဒူသည် ရှေးမိုးနှင့်အိမ်ထောင်ပြု၍ လာယော်၊ သျှတ်ဖဲ၊ တီဖဲ၊ သဲရယ်၊ ဘျားမာ၊ လီးမာ တို့ကိုမွေးဖွါးသည်။

* ကေးဖိုးဒူသားလယော်သည် အသက်ငယ်ရွယ်စဉ် သေဆုံး၍မျိုးဆက် မကျန်ချေ။

* ကေးဖိုးဒူသား သျှတ်ဖဲသည် အိမ်ထောင်ပြုပြီး သားသမီးများထွန်းကားသည်။ သားစဉ်မြေးဆက် ယနေ့တိုင်ရှိသည်။ ၊

*ကေးဖိုးဒူသားတီဖဲသည် အိမ်ထောင်ပြုပြီး သားသမီးများထွန်းကားသည်။ လူသိများသောသားနှစ်ယောက်မှာ ထျိုးဖဲနှင့် ဖိုးကလဲ တို့ဖြစ်သည်။ သားကြီးထျိုးဖဲသည် သားသမီးရှိသည်။ မျိုးဆက်မပြတ်သေး၊ သားအငယ်ဖိုးကလဲမှာလည်း ယနေ့တိုင်သားစဉ် မြေးဆက်ရှိသည်။ ဖိုးကလဲ၏ သားသမီး များမှာ(၁) ဆူရယ် (၂) ထျူမိုး (၃) သဲမာ (၄) ခါးမာ (၅) သေးမိုး တို့ဖြစ်သည်။
*ကေးဖိုးဒူသား သဲရယ်သည် အိမ်ထောင်ပြု၍ သားသမီးမြေးဆက်များယနေ့တိုင် ထွန်းကားလျက်ရှိသည်။

*ကေးဖိုးဒူသမီး ဘျားမာသည် အိမ်ထောင်ပြု၍ သားသမီးမြေးဆက်များ ယနေ့တိုင်ထွန်းကားလျက်ရှိသည်။

*ကေးဖိုးဒူသမီး လီးမာသည်တော်ခူရွာနေ တရီးနှင့် အိမ်ထောင်ပြုပြီး သားသမီးထွန်းကားသည်။ လူသိများသော သားတစ်ယောက်မှာ ဆော်ရယ်ဖြစ်သည်။ ၎င်းဆော်ရယ် သည် ကေးဖိုးဒူ၏ ဒုတိယဇနီးအိမာမှ ဆင်းသက်သော စုမိုး၏သမီးသဲမာနှင့် အိမ်ထောင် ပြုသည်။ ဆော်ရယ်သဲမာဖြစ်သည်။ ၎င်းတို့မှသားသမီးခြောက်ယောက် ထွန်းကားသည် ဌါမာ၊ ဦးဖဲ၊ ဘူးမာ၊ ဖျူရယ်၊ စုမိုး ၊ ဘျားရယ်တို့ဖြစ်သည်။

ကေးဖိုးဒူ၏သားစဉ်မြေးဆက်ကို ယနေ့ ၂၀၀၄ခုနှစ်အထိ အားလုံးရေတွက်ပါက ရာပေါင်းများစွာရှိနေမည် ဖြစ်သည်။ ကေးဖိုးဒူသည် ယောက်ျားကောင်း မောင်းမတစ်ထောင် ဆိုစကားအရ တရားဝင်မယားနှစ်ဆက်အိမ်ထောင်ပြုခဲ့သည်။ ပထမဇနီး ရှေးမိုနှင့် သားသမီး (၆)ယောက်ထွန်းကားရာတွင် သား(၄)ယောက်နှင့်သမီး(၂)ယောက်ဖြစ်သည်။ အထက်ပါ သားသမီး(၆)ယောက်အနက် (၅)ယောက်မှာ ယနေ့တိုင် သားသမီးမြေးမြစ်၊ တီတွတ်၊ ဆင်အထိ ပင်ပွားများနေပြီဖြစ်သည်။ ၎င်းအပြင် ပထမဇနီးကွန်လွန်ပြီးနောက်တွင် ထေးဖိုးကလိုးရွာနေ အီမာနှင့် ထပ်မံအိမ်ထောင်ပြုရာ၌ သားသမီး (၈)ယောက် ထပ်မံထွန်းကားသည်။ ၎င်းသားသမီး များမှလည်း ယနေ့အထိ သားသမီးမြေးမြစ်၊ တီတွတ်၊ ဆင်အထိ ပွါးများလျက်ရှိသည်။ တရားမဝင် ဇနီး အီနူနှင့်လည်း သားတစ်ဦးမှ မျိုးဆက်ထွန်းကားလျက်ရှိသည်။

## (၁၀)လောသေးလောပရီ တလုံးက ကေးဖိုးဒူနှင့်လာနေခြင်း

## [illegible]

တနေ့သောနံနက်တွင် ကေးဖိုးဒူ၏ ဇနီးရှေးမိုသည် အိမ်အောက်ဆင်းပြီး ကြက်များကို အစာကျွေးသည်။ ကြက်များအားလုံးလာအောင် ကြက်များကိုခေါ်သည်။ သခင်မအစာကျွေး၍ အဝေးရောက်နေသည့် ကြက်များသည်ဆူဆူညံညံနှင့် ပြေးလွှားပျံ ဆင်းလာကြသည်။ ထို ခဏခြင်းတွင် အလင်းရောင်တောက်ပစွာ ဖြာထွက်နေသော လောသေးလောပရီ တစ်လုံးသည် အစာစားနေသောကြက်များအကြားတွင် ပျံဆင်းနေ လေသည်။ ကြက်များသည် လန့်ဖြန့်ပြီး အစာမစားကြတော့ဘဲ ငြိမ်နေကြကုန်သည်။ ရှေးမိုးမှာလည်း ကြောက်လန့်ပြီး အိမ်ပေါ်ပြေး တက်ကာ ခင်ပွန်းသည်ကိုပြောပြလေ သည်။ ကေးဖိုးဒူမှာ ဘာဖြစ်လို့သူ့ကိုကြောက်ရတာလဲ ဒို့နှင့်အတူလာနေချင်လို့ သူရောက်လာတာဘဲ သူ့ကိုသွားယူလာဟု ဇနီးသည်ကို ပြောလေ သည်။ ဇနီးသည်ရှေးမိုး မှာ ကြောက်၍အိမ်အောက်ကိုပြန်မဆင်းရဲချေ။ ထိုအခါကေးဖိုးဒူသည် အိမ်အောက်ဆင်းပြီး ၎င်းလောသေးလောပရီကို မွေ့ယူကာအိမ်ပေါ်တွင်ပြန်သိမ်းထားလေ သည်။ ထိုလော သေးလောပရီ၏ အရွယ်ပမာဏမှာ ရွှေဖရုံသီးခန့်ကြီးသည်။ တစ်အိမ်လုံး ကိုထိန်ထိန်လင်း အောင် အလင်းရောင်ဖြာထွက်လျက်ရှိသည်။ ကေးဖိုးဒူထံတွင် ထိုလောသေး လောပရီရှိ နေသည့်ကာလပတ်လုံး ရှမ်းဗမာတို့နှင့် စစ်တိုက်သောအခါ လေကြီးမိုးကြီးတို့သည် ကေးဖိုးဒူဖက်မှ အမြဲလိုလိုတိုက်ခိုက်ကူလေသည်။ တိုက်ခိုက်လာသမျှသောရန်သူတို့ကို ကေးဖိုးဒူ လွယ်ကူစွာ တိုက်ခိုက်တွန်းလှန်အောင်မြင်နိုင်ခဲ့သည်။

## (၁၁) ကေးဖိုးဒူတို့ ဗမာ ဘုရင် စစ်တပ် လာရောက်တိုက်ခိုက်ခြင်း

မမှုဟဥပ္ပမှုဟဥဂၢဝ ဂမှုဗ်ဂိဠ္ဍခဠ္ဂ၊

ထူးဆန်း၍ဆန်းကျယ်သော 'လောသေးလောပရှိ'တလုံးသည် ကရင်နီပြည်၊ ကေးလျားရွာတွင်နေထိုင်သော ကေးဖိုးဒူထံ၌ရှိနေသည်ကို အင်းဝပြည်ကိုအုပ်စိုးသော ဗမာဘုရင်ကြီး ကြားသိသွားလေသည်။ ဗမာဘုရင်သည် ထိုလောသေးလောပရိကို ၎င်းထံသို့ဆက်သရန် ကေးဖိုးဒူကိုတောင်းဆိုလေသည်။ ကေးဖိုးဒူသည် ဗမာဘုရင်ကိုနားမထောင်ဘဲ တိတ်ဆိတ်စွာနေလေသည်။ ထိုသို့နှင့်ဗမာဘုရင်သည် ထိုလောသေးလောပရှိကိုရယူလိုသည့်အတွက် ကေးဖိုးဒူကို အကြိမ်ကြိမ်စစ်ချီတက်လေတော့သည်၊ ကေးဖိုးဒူနေထိုင်သည့်ကေးလျားရွာအထိ တစ်ကြိမ်မက လာရောက်တိုက်ခိုက်ခဲ့ပြီး ကေးဖိုးဒူရွာကိုမီးရှို့ဖျက်ဆီးခဲ့လေသည်။ ၎င်းလိုချင်သော ထိုလောသေးလောပရိတလုံးကိုမူ ရယူသွားခြင်းမရှိခဲ့ပေ။

## (၁၂) ကေးဖိုးဒူနှင့် ဖိုးဒီးကရီး

ဂမှုဗ်ဂိဠ္ဍခဠ္ဂ ဂဟဝ ရိမှုဇပ္ပခဠ္ဂဂဂျမှုဠ၊

တခါတွင်ကေးဖိုးဒူသည် စစ်ချီတိုက်ခိုက်လာသော ဗမာဘုရင်စစ်တပ်ကို ပြန်လည်ခုခံတိုက်ခိုက်ခြင်းမပြုဘဲ မိမိနေအိမ်မှ အသာတကြည်တိမ်းရှောင်နေလေသည်။ မိမိ နေအိမ်မှ မထွက်သွားမီ ကေးဖိုးဒူသည်ပလိုင်းတလုံးယူပြီး လူရုပ်သဏ္ဍာန်ပြုလုပ်ကာ ခေါင်းနှင့်ဖုံးခြုံထားပေးခဲ့သည်။ ၎င်းနောက် ရွာသားများကို မှာထားလိုက်သည်။ ဗမာဘုရင်စစ်တပ်က မိမိကိုလာရောက်မေးမြန်းပါက ၎င်းပြုလုပ်ပြီးခေါင်းနှင့်ဖုံးခြုံထားပေးခဲ့သော ဖိုးဒီးကရီး (ရိမှုဇပ္ပခဠ္ဂဂဂျမှုဠ) ကိုခေါ်ပြပေးလိုက်ပါ၊ ဒါဟာ ဒို့ခေါင်းဆောင်၊ ဒို့ရဲ့ဘုရင်ဘဲလို့ ဗမာစစ်တပ်ကိုပြော ပါဟု ရွာသူရွာသားတို့ကိုမှာထားခဲ့လေသည်၊ ကေးဖိုးဒူသည် ထိုသို့ရွာသူရွာသားများကို မှာထားခဲ့ပြီး နေအိမ်မှ တိမ်းရှောင်နေလိုက်သည်၊ မကြာခင်မှာပင် ဗမာစစ်တပ်များရောက်ရှိလာကြသည်။ 'ကေးဖိုးဒူဘယ်မှာလဲ၊ မင်းတို့ခေါင်းဆောင်၊ မင်းတို့ဘုရင်ဘယ်မှာရှိလဲ'ဟု ရွာသူရွာသားတို့ကို မေးမြန်းလေတော့သည်၊ ရွာသူရွာသားတို့ကလည်း ကေးဖိုးဒူမှာထားခဲ့သည့်အတိုင်း ဗမာစစ်တပ်ကို ဖိုးဒီးကရီးရှိရာသို့ခေါ်သွားပြီး 'အဲဒီဟာကဒို့ရဲ့အကြီးအကဲ၊ ဒို့ရဲ့ခေါင်းဆောင်၊ ဒို့ရဲ့ဘုရင်ဘဲ' ဟုပြောလေသည်။ ထိုအခါဗမာစစ်တပ်များတို့သည် မကျေနပ်နိုင်ကြဘဲ 'ဒီဟာက ပလိုင်းစုတ်နဲ့

လုပ်ထားတဲ့လူ့ရုပ်ဘဲ့၊ လူမှမဟုတ်တာ၊ ဘာခေါင်းဆောင်လဲ၊ ဘာဘုရင်လဲ’ ဟုဆိုပြီး ဖိုးဒီးကရီးကို စုတ်ပြတ်သွားသည်အထိ ကန်ကျောက်နင်းချေဖျက်ဆီးပစ်လိုက်လေသည်။ ထိုအခါ ကေးဖိုးဒူက “သူတို့အဲဒီလိုဖိုးဒီးကရီးကို ဖျက်ဆီးပစ်လိုက်တာကောင်းတယ်၊ ပျက်စီးနေတဲ့ဖိုးဒီးကရီးကိုယူပြီး ‘ဗမာစစ်တပ်နဲ့လိုက်သွားတော့’ ဟုဆိုပြီး သူတို့ပြန်သွားတဲ့နောက်ကိုပို့လိုက်ပါ” ဟုရွာသားတို့ကို ပြောလေသည်။ ရွာသူရွာသားတို့ က ကေးဖိုးဒူပြောသည့်အတိုင်း ဗမာစစ်သားဖျက်ဆီးပစ်လိုက်သောဖိုးဒီးကရီးကိုယူကာ သူတို့ပြန်သွားသည့်လမ်းတွင် လိုက်ပို့လိုက်လေသည်။ ထိုသို့ဖိုးဒီးကရီးကို ဗမာစစ်တပ်ပြန်သွားတဲ့အရပ်ဘက်သို့သွား၍ပို့ထားပြီးသောနောက်တွင် ဖိုးဒီးကရီးမှ ဗမာစစ်တပ်တို့ကို မေဘာယ်၍(ပြစား၍) ဗမာစစ်တပ်များကာလဝမ်းရောဂါဖြစ်ပြီး အဝှံးအရှုံး သေကြေပျက်စီးကြကုန်သည်။ ၎င်းတို့နေထိုင်သောဗမာပြည်သို့ အနည်းငယ်သာပြန်ရောက်နိုင်ကြလေသည်။ နှစ်ပေါင်းအတော်ကြာသည့်ထိုင် ဗမာစစ်တပ်တို့သည်ကရင်နီပြည်ကို စစ်ချီတိုက်ခိုက်လာနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့်ယနေ့တိုင်ကရင်နီလူမျိုးတို့သည် တနှစ်တစ်ခါ အဲဒိုပေါ်မီခေါ် ဒီးကူပွဲတော်ကျင်းပချိန်၌ ဖိုးဒီးကရီးကိုပြုလုပ်ကြကာ ဗမာလူမျိုးတို့နေထိုင်ရာ ရွာ၏မြောက်ဖက်ပိုင်းတွင် သွားပို့ထားလေ့ရှိကြသည်ဟု အဆိုရှိလေသည်။

## (၁၃)ရှမ်းကို တိုက်ထုတ်ပြီး နယ်စပ်သတ်မှတ်ခြင်း

[illegible]

ကေးဖိုးဒူနေထိုင်သည့်မြောက်ဖက်တလွှားတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး ကရင်နီလူမျိုးများနေထိုင်သောကျေးရွာများနှင့် မကြာခဏဆိုသလိုရိုက်ရန်ဖြစ်ပွါးကြလေသည်။ ရှမ်းလူမျိုးတို့သည် ကရင်နီလူမျိုးတို့နေထိုင်သည့်ကျေးရွာများတွင်ဝင်ရောက်ပြီး ကျွဲ၊ နွားများကို လုယက်ခြင်း၊ ကျွန်များအဖြစ် ဖမ်းဆီးသွားခြင်းတို့ကို မကြာခဏဆိုသလိုပြုလုပ်ကြလေသည်။ ထိုသို့ရှမ်းလူမျိုးတို့သည် ကရင်နီလူမျိုးတို့ကို မကြာခဏဒုက္ခပေးသည့်အတွက် ကေးဖိုးဒူသည် ရှမ်းလူမျိုးတို့ကို လိုက်လံတိုက်ထုတ်ရလေသည်။ ရှမ်းလူမျိုးတို့သည် ကေးဖိုးဒူမှလိုက်လံတိုက်ထုတ်သည့်အတွက်လည်း မြောက်ဖက်သို့တဆုတ်တည်းဆုတ်တက်ကြလေသည်။ ကေးဖိုးဒူသည်လည်း ရှမ်းလူမျိုးတို့ဆုတ်ခွါသွားရာနောက်ကိုလိုက်တိုက်ရင်း ‘မာခွင်းနိုးလိုး’ ဆိုသည့်အရပ်သို့ ရောက်သွားလေသည်။ ထိုအခါရှမ်းလူမျိုးအကြီးအကဲတို့သည် အရှင်းချင်းဆွေးနွေး တိုင်ပင်ကြရကုန်သည်။ ကေးဖိုးဒူနှင့်ဆက်လက်ပြီးစစ်မက်ဖြစ်ပါက ဆက်လက်အရေးနိမ့်ပြီး ရှမ်းလူမျိုးတို့

# (၁၉) ကေးဖိုးဒူ၏ တဆောင် စကားများ

[illegible]

— [illegible]
(ဒို့ကိုအမေတော်ပါ၊ ဒို့ကို အဖေတော်ပါဆိုပြီး သင်တို့ကို ခြေလက်ဆွဲပါလိမ့်မယ်)

— [illegible]
(ကျောက်တုံးရေပေါ် ပေါ်ပြီး၊ ငှက်ပျောတုံးရေအောက်နစ်လတ္တံ့)

— [illegible]
(ခြေတလုံးပေါင်ထက်ကြီးလိမ့်မည်။ )

— [illegible]
(ဓါးက သူ့အရိုးကို သူခုတ်ဖြတ်မည်၊ ဓါးလွယ်က သူ့အိမ်သူခုတ်ဖျက်မည်)

— [illegible]

(နိုးလီဆိုတောင်အနီးမှာ ကြက်ဖတစ်ကောင်ပြန်ပြီး သာယာစွာတွန်လတ္တံ့)

— [illegible]
(ဖျိုင်းမြီးကို မြဲမြဲဆွဲထားပါ။)

— [illegible]
(အရှေ့တောင်အရပ်ဖက်က နေပြီးသင်တို့၏ အမိအဘဘိ မြင်းပျံစီးရွှေထီးဆောင်းပြီးသင် တို့ကို ပြန်လာကြည့်လတ္တံ့)

( ကေးဖိုးဒူ တဆောင်စကားအများအပြားထဲမှ အနည်းငယ်ကို ဖေါ်ပြပေးခြင်းသာ ဖြစ်သည်။)

ိုင်ဆိုင်သောနယ်များကို ကေးဖိုးဒူဆက်လက်သိမ်းပိုက်လာမည်ကို စိုးရိမ်ကြလေသည်။ ထိုသို့
ိုးရိမ်လာသည့်အတွက် ရှမ်းလူမျိုးအကြီးအကဲတို့သည် ကေးဖိုးဒူနှင့်စစ်ပြေငြိမ်းကြပြီး ရှမ်း
လူမျိုးနှင့် ကရင်နီလူမျိုးများနေထိုင်သောနယ်များကို နယ်စပ်သတ်မှတ်ကြရန်အရေးဆိုလာကြ
လေသည်၊ ထိုသို့ရှမ်းလူမျိုးတို့အရေးဆိုလာသည်ကို ကေးဖိုးဒူကလည်းလက်ခံလိုက်လေသည်၊
ရှမ်းတို့အရေးဆိုလာသော 'စစ်ပြေငြိမ်းကြပြီး နယ်မြေကိုသတ်မှတ်ကြရန်' ဆိုသည်ကို ကေးဖိုးဒူ
သည် သူနောက်ဆုံးရောက်ရှိတပ်နားထားသည့် 'မာခွင်းနိုးလိုး' အရပ်မှာပင် နယ်စပ်အဖြစ်
သတ်မှတ်ကြမည်ဟု ရှမ်းလူမျိုးအကြီးအကဲတို့ကိုတောင်းဆိုလေသည်၊ ရှမ်းလူမျိုးအကြီးအကဲ
တို့သည်လည်း ကေးဖိုးဒူတောင်းဆိုသည်ကို လက်ခံလိုက်ကြလေသည်၊ ထိုကြောင်းလည်း
ယနေ့တိုင်ထိုမာခွင့်နိုးလိုးသည် ရှမ်းနှင့် ကရင်နီနယ်စပ်အဖြစ် သတ်သတ်မှတ်မှတ်ထင်ရှားလျက်
ရှိလေသည်။

## (၁၄) လောသေးလောပရို ပြန်ထွက်သွားခြင်း

### [illegible]

ကရင်နီလူမျိုးတို့ကိုဒုက္ခပေးနေသော ရှမ်းလူမျိုးတို့ကို ကေးဖိုးဒူလိုက်လံတိုက်ခိုက်ရာမှ မာခွင်းနိုးလိုးဆိုသည့်အရပ်ကိုရောက်သွားကာ ၎င်းအရပ်တွင် လပေါင်းအတော်ကြာအထိ တပ်နားခဲ့ရလေသည်၊ ထိုအရပ်တွင်တပ်နားစဉ် ရှမ်းလူမျိုးနေထိုင်သည့်ရွာကလေးတရွာ၌ ရုပ်ရည် လှပချောမွေ့ပြေပြစ်သည့် ရှမ်းလုံမပျိုတစ်ယောက်ကိုတွေ့ပြီး သဘောကျသွားလေသည်။ ထိုသို့နှင့်ရှမ်းလူမျိုးအကြီးအကဲတို့နှင့်စစ်ပြေငြိမ်းပြီး မိမိနေရပ်ကေးလျားရွာသို့အပြန်တွင် ထိုရှမ်းမချောအိနုကို မိမိ၏နန်းဟော်တွင် တောက်တိုမယ်ရခိုင်းစေဘို့အတွက် ကျွန်မ တစ်ယောက်အဖြစ် ခေါ်ပြန်သွားလေသည်၊ နောင်သောအခါ၌ ကေးဖိုးဒူသည် ထိုကျွန်မအိနုနှင့် ပတ်သက်ပြီးရှာန်လျှောကာ ဘုန်းတန်ခိုးနိမ့်ကျလာလေတော့သည်၊ ဘုန်းတန်ခိုးနိမ့်ကျလာ သည့်အပြင် မိမိနှင့်လာနေသော လောသေးလောပရိုသည် နန်းဟော်ကိုလောင်ကျွမ်း ပြီး ပြန်ထွက်သွားပါလေတော့သည်၊

# (၁၅) ၁၈၅၇ ခုနှစ် အင်္ဂလိပ်နှင့် မဟာမိတ်ဖွဲ့ခြင်း

## ငြ်မငှကငြဲ နဓ ဆငြ်္ဂလှငြ( လှဖှဥ ဇဖှငြ် နဖှငြ်)

အချိန်ကား အင်ပိုင်ယာ အင်္ဂလိပ်တို့သည် အင်းဝပြည်ကိုအုပ်စိုးသော ဗမာဘုရင်လက် အောက်ခံ တောင်ငူမြို့ကို သိမ်းပိုက်ပြီး အင်္ဂလိပ်တို့ ထိုမြို့တွင် အခြေချနေထိုင်သော အချိန်ဖြစ်သည်။၎င်း အပြင်အရှေ့ကရင်နီပြည်စော်ဘွားဘိုးဖိုးဘု(ဖေ့ါဖေါ်ကြီး)၏ အရိုက်အရာကို ဆက်ခံသောလီးဖဲ(ခ)လှဖေါ် သည် အင်းဝပြည်ဗမာဘုရင်ထံ အခစားဝင်ပြီးဒါး လှံလက်နက်များကိုရယူကာ အနောက်ကရင် နီပြည်ကိုတိုက်ခိုက်သိမ်း ပိုက်ဘို့ ကြိုးပမ်း သည့်အချိန်လည်းဖြစ်သည်။

ကေးဖိုးဒူသည် မိမိ၏အနောက်ကရင်နီပြည်ဆက်လက်တည်တံ့နိုင်ရေးအတွက် သားတော်တီဖဲ(ခွီးတီ)ကို အောက်ပြည်အောက်ရွာတွင် ဝင်ရောက်အခြေချနေထိုင်သော အင်္ဂလိပ် တို့ထံသို့စေလွှတ်ကာ မဟာမိတ်ဖွဲ့စေလေသည်။ တီဖဲ(ခွီးတီ)သည် ဖခင်ကေးဖိုးဒူလမ်းညွှန်သည့် အတိုင်း တောင်ငူမြို့တွင်နေထိုင်သောအင်္ဂလိပ်အစိုးရကိုယ်စားလှယ်များထံသို့ သွားရောက်ကာ မဟာမိတ်ဖွဲ့လေသည်။ ထိုသို့မဟာဖွဲ့ရာတွင် နှစ်ဖက်စလုံးမှ မိမိတို့ဆိုင်ရာရှည်လျားသော အနာဂတ်ကာလတွင်ရရှိလိုကြသည့် အကျိုးစီးပွားကိုယ်စီကိုမျှော်မှန်းကြပြီး ဂတိသစ္စာ တိုင်တည်ကြကာ လေးနက်စွာမဟာမိတ်ဖွဲ့ခဲ့ကြခြင်းဖြစ်သည်။ တီဖဲ(ခွီးတီ)သည် မိမိ၏အနောက် ကရင်နီပြည် ဆက်လက်တည်မြဲနိုင်ရေးကို လိုလား၍ မဟာမိတ်အင်္ဂလိပ်မှ အကူအညီများပေးရန် တောင်းဆိုသည်။ အင်္ဂလိပ်တို့ဖက်ကလည်း တီဖဲ၏အနောက်ကရင်နီတွင် ခရစ်ယာန်သာသနာ ပြုနိုင်ရေးကိုလိုလား၍ မိမိတို့အင်္ဂလိပ်မှခရစ်ယာန်သာသနာပြုရာတွင် လိုအပ်သလိုကူညီပေးရန် တောင်းဆိုလေသည်။ နှစ်ဦးနှစ်ဖက်မှ ကိုယ်လိုရာအကျိုးစီးပွားရရှိကြရန်အတွက် ခမ်းနား ကြီးကျယ်သော မဟာမိတ်ဖွဲ့ကြခြင်းအခမ်းအနားတရပ်ကို ကျင်းပခဲ့ကြပါသည်။

ထိုအခမ်းအနားတွင် အမှတ်တရအဖြစ် နွားတစ်ကောင်ကိုသတ်စားခဲ့ကြသည်။ ထိုနွား၏ဦးချိုသည် တဖက်မှာမိုးသို့ထောင်ပြီး ကျန်တဖက်မှာမြေသို့စိုက်နေလျက်ရှိသည်။ ထိုနွား၏ဦးချိုကို အင်္ဂလိပ်တို့မှတဖက်၊ တီဖဲ(ခွီးတီ)တို့မှတဖက် အမှတ်တရအဖြစ် ယူထားကြရန် ဖြစ်သည်။ ထိုသို့နွားချိုတဖက်ကို အမှတ်တရယူသည့်အခါ မိုးသို့ထောင်သောဖက်ကိုယူက ကောင်းမည်၊ မြေသို့စိုက်သောဖက်ကိုယူကကောင်းမည်ကို တီဖဲနှင့်အပေါင်းပါတို့သည် တိုင်ပင် ကြလေသည်။ တညီတညွတ်တည်းသဘောတူဆုံးဖြတ်ကြသည်မှာ မြေသို့စိုက်သောချိုကုပ်တဖက်

ကို ယူကြရန်ဖြစ်လေသည်။ ထိုသို့မြေဖက်သို့စိုက်နေသောချိုကုပ်ဖက်ကိုရွေးကြခြင်းမှာ မိမိတို့၏ တိုင်းပြည်ဆက်လက်တည်မြဲခြင်း အဓိပ္ပါယ်ဖြစ်သည်ဟု ယုံကြည်ကြခြင်းဖြစ်သည်။ တီဖဲယူသွားသောနွားဦးချိုပေါ်တွင် 'The western Karenni and Taungoo Governor Friendship'ဟူ၍ အင်္ဂလိပ်လိုစာတမ်းထိုးထားပါသည်။ 'အနောက်ကရင်နီနှင့်တောင်ငူအုပ်ချုပ်ရေးမှူးမဟာမိတ်' ဟူ၍ဖြစ်သည်။ ၎င်းနွားဦးချိုတဖက်ကို တီဖဲ၏သားစဉ်မြေးဆက်တို့မှ ယနေ့တိုင်အမြတ်တနိုးထိန်းသိမ်းထားလေသည်။ နှစ်ပေါင်းကြာလာသည်နှင့် နွားဦးချိုပေါ်မှရေးထိုးထားသောစာလုံးသည် ပျောက်လုမတတ် ခပ်ရေးရေးသာ မထင်မရှားပေါ်လွင်နေတော့သည်။ တီဖဲ၏သားစဉ်မြေးဆက်တို့သည် ထိုနွားဦးချိုအရ အင်္ဂလိပ်တို့နှင့် ယနေ့တိုင်မဟာမိတ်ဖြစ်နေသဲဟု ယုံကြည်နေကြလေသည်။

ကေးဖိုးဒူသည် မိမိ၏အနောက်ကရင်နီပြည်တည်တံ့ခိုင်ရေးအတွက် သက်တော်ထင်ရှားရှိစဉ်၌ နှစ်ကြိမ်တိုင်တိုင် အင်္ဂလိပ်တို့နှင့်မဟာမိတ်ဖွဲ့ခြင်းအခမ်းအနားကို ပြုလုပ်ခဲ့လေသည်။ ၁၈၅၇ ခုနှစ်၊ ဇန္နဝါရီလ (၁၆) ရက်နေ့တွင် သားတော်တီဖဲ (ခွီးတီ)သည် တောင်ငူမြို့သို့သွားပြီး အင်္ဂလိပ်အစိုးရကိုယ်စားလှယ်တော် စစ်ဗိုလ်ကြီးအိုရိုင်လေး(Mr.O.Rilay)နှင့် မဟာမိတ်ဖွဲ့ကြခြင်းအခမ်းအနားတရပ်ကျင်းပသည်။ မဟာမိတ်ဖြစ်ကြကြောင်းကို နွားဦးချိုတဖက်စီယူထားခြင်းဖြင့် အမှတ်သက်သေပြုထားကြသည်။ ၁၈၆၃ ခုနှစ်တွင် အင်္ဂလိပ်အစိုးရကိုယ်စားလှယ် ဒေါက်တာဗင်တွန် (Dr.vinton)သည် ကေးဖိုးဒူနေထိုင်သည့် အနောက်ကရင်နီပြည်ကေးလျားရွာကို ရောက်ရှိလာပြီး ၁၈၅၇ ခုနှစ်၊ ဇန္နဝါရီလ (၁၆)ရက်နေ့တွင် အထက်ဖော်ပြပါ အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ (စစ်ဗိုလ်အိုရိုင်လေး)နှင့် ခွီးတီတို့ပြုထားကြသည့် အင်္ဂလိပ်အစိုးရနှင့် အနောက်ကရင်နီပြည် မဟာမိတ်စာချုပ်ကို ပြီးပြည့်စုံအောင်တစ်ကြိမ်ထပ်မံပြီး အင်္ဂလိပ်နှင့် ကရင်နီမဟာမိတ်ဖြစ်ကြကြောင်းကို အခိုင်အမာဖြစ်စေရန်အတွက် မဟာမိတ်ဖြစ်ကြခြင်း အခမ်းအနားတရပ်ကို ဒုတိယအကြိမ်ကျင်းပခဲ့ကြလေသည်။ ဒုတိယအကြိမ်ကျင်းပသည့် မဟာမိတ်ဖွဲ့ကြရာ၌ နွား၏ဦးချိုပေါ်တွင် ငွေပြားဖြင့်ကွပ်ထားပြီး အင်္ဂလိပ်စာဖြင့် ရေးထိုးထားသည်မှာ(The token of friendship between Ed.W.D.O Rilley Esgr: Assistant commissioner of Toungoo and cheif of Kyaypognay and Kyahpogyee with the subordinate village of the Karenee the ceremony of fraternity by having performed at the Kyahpogyee on the January 16,1857.)

# (၁၆) အနောက် ကရင်နီပြည် လွတ်လပ်ခြင်း

ကေးဖိုးဒူ၏သားနွီးတီသည် အင်္ဂလိပ်တို့နှင့် လီပုနော်(ခ)နွားချိုစာချုပ်ဖြင့် မဟာမိတ်ပြုလုပ်နိုင်ခဲ့ပြီးသည့်နောက်တွင် အင်္ဂလိပ်တို့သည် ထိုနွားဦးချိုမဟာမိတ်စာချုပ်ကိုအကြောင်းပြုပြီး မိမိ၏မဟာမိတ်အနောက်ကရင်နီပြည်တည်တံ့ရေးကို ဝင်ရောက်ဆောင်ရွက်ပေးလေသည်။ ၁၈၇၅ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အင်းဝပြည်မင်းနေပြည်တော်သို့ဝင်ပြီး ဘုရင်ကိုအရေးဆိုလေသည်။ အနောက်ကရင်နီပြည်သည် မိမိအင်္ဂလိပ်အစိုးရ၏ မဟာမိတ်ဖြစ်သည့်အတွက် ဗမာဘုရင်မှ ဝင်ရောက်စွက်ဖက်မှုမပြုရန်နှင့် ၎င်းကိုသီးခြားလွတ်လပ်သောပြည်တပြည်ဖြစ်သည်ဟု အသိအမှတ်ပြုရန်အရေးဆိုလေသည်။ ထိုသို့ အနောက်ကရင်နီပြည်နှင့်ပတ်သက်၍ တောင်းဆိုခြင်းကို ဗမာဘုရင် မင်းတုန်းမင်းသည် မငြင်းဆန်ဘဲသဘောတူလက်ခံလေသည်။ မင်းတုန်းမင်းသည် မိမိ၏နိုင်ငံခြားရေးဝန်၊ ကင်းဝန်ဦးကောင်းကိုခေါ်ကာ အင်္ဂလိပ်တို့ဝင်ရောက်ပြီး တောင်းဆိုသည့် အနောက်ကရင်နီပြည်ကိစ္စကိုဆောင်ရွက်ပေးလိုက်ရန် အမိန့်ပေးလေသည်။ ထိုသို့မင်းကြီး၏ အမိန့်နှင့် ကင်းဝန်ဦးကောင်းသည် အင်္ဂလိပ်အစိုးရအရာရှိ ဆာဒေါ်ကလပ်ဖော့ဆိုက်နှင့်တွေ့ဆုံပြီး အနောက်ကရင်နီပြည်သည် သီးခြားလွတ်လပ်သော တိုင်းပြည်တပြည်ဖြစ်ကြောင်းကို လက်မှတ်ရေးထိုးလေသည်။ အနောက်ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်ကြောင်းကို အင်္ဂလိပ်အစိုးရအရာရှိ ဆာဒေါ်ကလပ်ဖော့ဆိုက်နှင့် ဗမာမင်းကြီး၏ နိုင်ငံခြားရေးဝန်ဦးကောင်းတို့သည် (၁၈၇၅)ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့တွင် ပေရွက်ပေါ်၌သက်ဆိုင်ရာ တံဆိပ်တော်ကိုယ်စီရိုက်နှိပ်ကာ လက်မှတ်ရေးထိုးခြင်းပြုလုပ်ကြလေသည်။ ထိုသို့အနောက်ကရင်နီပြည်သည် သီးခြားလွတ်လပ်သောပြည်တပြည်ဖြစ်သည်ကို ပေရွက်ပေါ်တွင်လက်မှတ်ရေးထိုးကြသည့်အတွက် နွီးတီဖဲ၏ဆွေမျိုးတို့က ၎င်းစာချုပ်ကို 'လီကလိုလယ်'ဟုခေါ်ဆိုလေသည်။ ၎င်း'လီကလိုလယ်' (တနည်း)အနောက်ကရင်နီပြည်၏ လွတ်လပ်ရေးစာချုပ်ကို တီဖဲ၏သားစဉ်မြေးဆက်တို့မှ အမြတ်တနိုးထိန်းသိမ်းလာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ဂျပန်၏ရန်ကို ပြေးလွှားပုန်းရှောင်ရင်း ၎င်းလီကလိုလယ်ကို နောက်ဆုံးထိန်းသိမ်းသော 'ဘော်ရယ်၊ သဲမာ' လက်ထဲ၌ ပျက်စီးပျောက်ဆုံးသွားလေသည်။

## (၁၇) ကေးဖိုးဒူ ပြည်ဘယ်မှာလဲ

[illegible]

‘အချိန်တန်လျှင် သင်တိုင်းပြည်ရှိပါမည်’ဟု ပရာယ်ပရိုဖိုးဖျားဒတ်မှ ကတိပေးစကား ရှိခဲ့သည့်အတိုင်း ကေးဖိုးဒူမှအစပြုပြီး သားစဉ်မြေးဆက်တိုင်အုပ်ချုပ်လာသော တိုင်းပြည် (တနည်း) နိုင်ငံတစုသည် ပေါ်ပေါက်လာခဲ့ပေသည်။ ပရာယ်ပရိုဖိုးဖျားဒတ်၏အလိုဆန္ဒမှာ ကေးဖိုးဒူကို ပွန်ချောင်းအနောက်ဖက်ကမ်းတလျှောက်မှ နေဝင်ရာဖက်ကို တိုင်းပြည်နိုင်ငံ ထူထောင်ရန်ဖြစ်သည်။

ကေးဖိုးဒူသည် ပွန်ချောင်းအနောက်ဖက်ကေးလျားရွာတွင် အခြေပြုပြီးမတူကွဲပြားသော မျိုးနွယ်စုများ၏ နယ်မြေတသီးတခြားတည်ရှိနေမှုကိုအလေးထားပြီး မိမိတို့၏စိတ်သဘော အလျှောက် နယ်မြေများကိုစုစည်းပူးပေါင်းထားကြခြင်းအားဖြင့် နိုင်ငံတစု၏အသွင်သဏ္ဍာန်နှင့် ပြည့်ဝထင်ရှားသည့် ကေးဖိုးဒူကေး။ (တနည်း)အနောက်ကရင်နီ၊ (တနည်း)ကြယ်ဖိုးကြီးနယ်ကို ထူထောင်ပြီး ဆွေစဉ်မျိုးဆက်ရှစ်ဆက်တိုင်တိုင်အုပ်ချုပ်ခဲ့လေသည်။ ၎င်းကေးဖိုးဒူကေးတွင် ပါဝင်ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးနယ်မြေများမှာ –

(၁)ပွန်ချောင်းအနောက်ဖက်ကမ်းတွင် တဆက်တစပ်တည်ရှိနေသည့် ကယားလီလူမျိုးရွာများ အားလုံးပါဝင်သည့်နယ်မြေကို ကေးလျား ကေးမြို့မတိုက်ဟုခေါ်သည်။ (နောင်တွင် နို့ပလာ(ခ) နောင်ပလဲနှင့် နံနံးမယ်ခုံနယ်ဟူ၍ ခွဲထွက် ပေါ်ပေါက်သည်။

၂။ မိုဆိုတိုက် (မိုဆိုကေး) .

၃။ ဒိုလာစောတိုက် (ဒိုလာစောကေး)

၄။ တော်ခုတိုက် (တော်ခုကေး)

၅။ ဟိုယာတိုက် (ဟိုယာကေး)

၆။ ကေကောတိုက် (ကေကောကေး)

၇။ ဆဝေါပိုတိုက် (ဆဝေါပိုကေး)

၈။ ဆောကလီတိုက် (ဆောကလီကေး)

၉။ သံတောင်တိုက် (သံတောင်ကေး)

၁၀။ လောဒူလဲ(ခ)ယာဒိုတိုက် (ယာဒိုကေး)များဖြစ်ကြသည်။

မှတ်ချက် ။ ။ စောဖျာဦးရယ်လက်ထဲတွင် ဆောကလီတိုက်၊ သံတောင်တိုက်များ အင်္ဂလိပ်အုပ်ချုပ်ရေးနယ်မြေထဲသို့ ပူးပေါင်းသွားသည်။ လောဒူလဲ(ခ) ယာဒိုတိုက်မှာ ကော်သူ့လေးခေါ်ကရင်ပြည်နယ်ထူထောင်သည့်အချိန်က ကရင်ပြည်နယ်ထဲသို့ ပါသွား သည်။

# (၁၈) ကေးဖိုးဒူ ပြည်ကြီး၏ မင်းဆက်များ

## ဘူၣ်ဂီၢ်စ့ၣ်ခဲဒီ ဘူၣ် ဓပၢ်ခ့ ၡိၣ်ဂီၢ်ဟၣ်

၁။ ရှားရယ် (ခ) ကေးဖိုးဒူ

၂။ ခွိုးသျှတ် နှင့် ခွိုးတီ

၃။ စောဖျာ အုရယ်

၄။ စောဖျာ ဆော်

၅။ ခွိုးဗျား

၆။ ခွိုးဆူ

၇။ ခွိုးကြားရယ် (ခ) စောရွှေ

၈။ ခွိုးအုဖဲ(နယ်အုပ်အုဖဲ)တို့သည် ကေးဖိုးဒူကေး(ကြယ်ဖိုးကြီးနယ်)နယ်ကို အစဉ်အဆက်အုပ်ချုပ်လာကြသည့် ခွိုးစောဖျာများဖြစ်ကြသည်။ ခရစ်သက္ကရာဇ် (၁၇၅၀) မှ (၁၉၆၀) ခုနှစ်အတွင်း ကယားလီအမျိုးသားနေထိုင်ရာ အနောက်ကရင်နီပြည်အတွင်း ပါဝင်ဖွဲ့စည်းထားသည့် ကြယ်ဖိုးကြီးနယ်ကို နှစ်ပေါင်း (၂၀၀)အတွင်း အစဉ်အဆက်အုပ်လာသူများဖြစ်သည်။

၁။ ရှားရယ်(ခ)ကေးဖိုးဒူ။ ။ ကအောဖါးနှင့်ကလောမာတို့၏ သားဖြစ်သည်။ မွေးဖွားရာပါပါရမီထူးကဲပြီး လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် ပရာယ်ပရိတစ်ဦးဖြစ်သည်။ (၁၇၅၀)ခုနှစ်ဝန်းကျင်တွင် မွေးဖွားမည်ဟုခန့်မှန်းရသည်။ အင်္ဂလိပ်စာအုပ်စာပေများတွင် (၁၈၆၇)ခုနှစ်၌ အနောက်ကရင်နီအကြီးအကဲသေဆုံးပြီးသည့်နောက်တွင် ကရင်နီပြည်တွင်း မငြိမ်မသက်ဖြစ်လာသည်ဟုဆိုထားသောကြောင့် ကေးဖိုးဒူသည်(၁၈၆၇)ခုနှစ်တွင်ကွယ်လွန်ဖွယ်ရာရှိသည်ဟု သိမှတ်ရလေသည်။ ကေးဖိုးဒူထိုင်သည့်အခါ ၎င်း၏ဦးခေါင်းသည် ဒူးခေါင်းထက်ပင်နိမ့်သွားပြီးဖြစ်သော်လည်းမသေနိုင်သေးဟု သက်ကြီးဝါကြီးတို့ကပြောသည့်စကားကိုထောက်သော် အသက်တစ်ရာကျော်/တစ်ရာနှစ်ဆယ်ဝန်းကျင်တွင် အသက်ရှည်သည့်ကယားလီအမျိုးသားတို့၏ ပထမခေါင်းဆောင်(မင်း)တပါးဖြစ်သည်။ ကေးဖိုးဒူသည် ရှမ်းလူမျိုး၊ ဗမာလူမျိုးတို့နှင့် တိုက်ခိုက်အောင်နိုင်ခဲ့သည့်အပြင် ကမ္ဘာ့သမိုင်းမှတ်တိုင်တခန်း၌ နေမဝင်အင်ပါယာသခင်ဟု ထင်ပေါ်ကျော်ကြားနိုင်ခဲ့သော အင်္ဂလိပ်အစိုးရ၏ ကိုယ်စား လှယ်တို့နှင့်လည်း မဟာမိတ်ဖွဲ့နိုင်ခဲ့သည့်အတွက် ကရင်နီပြည်ပေါ်ပေါက် လာနိုင်ခဲ့သည့် အဓိကအကြောင်းရင်း တရပ်ပင်ဖြစ်သည်။

ကောဖိုးဒူသည် အရက်သေစာသောက်သုံးခြင်းမရှိ၊ အဆိပ်အတောက်ပါသည့် မည်သည့်အစားအစာတို့ကိုမျှ မစားသုံးခဲ့ပေ။ မြုံးချာစွာနေကာ ဓါနသီလကိုဆောက်တည်ခြင်းဖြင့် နေထိုင်သူတစ်ဦးဖြစ်သည်။ ကြီးကျယ်ခမ်းနားသော အဆောင်အယောင်တို့ကို မနှစ်သက်ဘဲ ရိုးသားနှိမ့်ချစွာ နေထိုင်သူဖြစ်သည်။ ယနေ့တိုင်ကောဖိုးဒူနေထိုင်လာခဲ့သောနေအိမ်ကို ကောလျားရွာတွင် ပုံစံမပျက်မြင်တွေ့နိုင်ပေသေးသည်။ အသက်တစ်ရာနှစ်ဆယ်ဝန်းကျင်တွင် အသက်ရှည်ပြီး ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ကောလျားရွာရှိ ၎င်း၏မိဘသင်္ချိုင်းတွင် မိဘတို့နှင့်အတူ သင်္ဂြိုလ်ခဲ့လေသည်။

၂။ ခွိုးသျှတ်နှင့်ခွိုးတီ။ ။ ရှားရယ်(ခ) ကောဖိုးဒူ ၏သားများဖြစ်သည်။ ဖခင်ကောဖိုးဒူ အလွန်အမင်းအသက်ကြီးသွား၍ အလုပ်အကိုင်များစွာမတတ်နိုင်တော့သည့်အခါ၌ ဖခင်၏လုပ်ငန်းအဝဝတို့ကို အတူတကွထမ်းဆောင်ကြသူများဖြစ်ကြသည်။ ထိုသို့အတူတကွ ဖခင်၏အရိုက်အရာကိုဆက်ခံကြသည့်အကြောင်းမှာ အကြီးဖြစ်သူသျှတ်ဖဲသည်ဖခင်၏နေရာတွင် အလုပ်လုပ်ရန်အတွက်ငြင်းဆိုပြီး ညီငယ်ဖြစ်သူတီဖဲကို ဖခင်ဖြစ်သူ၏အရိုက်အရာအားလက်ခံရန်အတွက် လွှဲချလေသည်။ သို့သော် ဖခင်၏အရိုက်အရာကိုဆက်ခံရန်အတွက် လွှဲချသည်ကို ညီငယ်ဖြစ်သူတီဖဲမှ ငြင်းဆိုပြန်သည်။ အစ်ကိုကြီးသျှတ်ဖဲသာလျှင် ဖခင်၏အရိုက်အရာကို ဆက်ခံရမည်ဟုငြင်းလေသည်။ ထိုသို့ညီအစ်ကိုနှစ်ယောက်သည် တဦးကိုတဦးဖခင်၏အရိုက်အရာကိုဆက်ခံရန်အတွက် အချေအတင်အပြန်အလှန်လွှဲချနေကြရာမှ မည်သူတစ်ဦးတစ်ယောက်မျှမယ်မယ်ရရဖခင်၏တာဝန်ကို ထမ်းဆောင်ခြင်းမရှိသကဲ့သို့ဖြစ်သွားလေသည်။

ထိုသို့ညီကိုနှစ်ဦးသည် တစ်ဦးကိုတစ်ဦးဖခင်၏ အရိုက်အရာကိုဆက်ခံရေးနှင့်ပတ်သက်၍လွှဲချနေကြသည်ကို ရွာသူရွာသားသက်ကြီးရွယ်အိုအများတို့မှဝင်ရောက်ပြီး နားချပြောဆိုရသည်အထိ ဖြစ်ရလေသည်။ ညီအစ်ကိုနှစ်ဦးစလုံးမှ ဖခင်၏အရိုက်အရာကိုဆက်ခံကာဘိုးပြည်တာဝန်အရရကိုထမ်းဆောင်ရမည်ဟု ဆုံးဖြတ်ပြောဆိုလေသည်။ ထိုသို့သက်ကြီးရွယ်အိုနှင့် ရွာသူရွာသားအများတို့၏ဆုံးဖြတ်သည်ကို ညီအကိုနှစ်ဦးသည်မလွန်ဆန်နိုင်ကြတော့ဘဲသျှတ်ဖဲနှင့် တီဖဲညီကိုနှစ်ယောက်သည် ဖခင်၏အရိုက်အရာကို အတူတကွဆက်ခံကြရလေသည်။

ထိုခေတ်အချိန် ကို ခွိုးသျှတ်၊ ခွိုးတီခေတ်(ဧပဒဠဟဓ ဧပဒ၈ဥ ပဠ္ဓဓဥ )ဟူ၍ သတ်မှတ်ခေါ်ဆိုကြလေတော့သည်။

သျှတ်ဖဲမှာအပြောအဆိုတွင်ကြမ်းတမ်းသည်၊ လိမ္မာရေးခြားမရှိလှပေ။ ညီဖြစ်သူတီဖဲမှာအပြောအဆိုများ၌ ယဉ်ကျေးသိမ်မွေ့ပြီး လိမ္မာရေးခြားရှိသူလည်းဖြစ်သည်။ ထို့ကြောင့်တီဖဲသည်

အများပြည်သူတို့၏ ချစ်ခင်လေးစားခြင်းကို လက်ခံရရှိသူဖြစ်လေသည်။ ညီအကိုနှစ်ဦးစလုံး အိုမင်းပြီးကွယ်လွန်သည်အထိ တိုင်းပြည်တာဝန်ထမ်းဆောင်ကြလေသည်။

(၃) စောဖျာအုရယ်။ ။ စောဖျာအုဦးရယ်သည် ကေးဖိုးဒူထူထောင်သည့်နယ်ကိုအုပ်ချုပ်သော တတိယစောဖျာတစ်ဦးဖြစ်သည်။ ကေးဖိုးဒူမှဆင်းသက်သော သားမြေးအဝင်တစ်ဦး မဟုတ်ပေ။ ခွိုးသျှတ်ဖဲနှင့်ခွိုးတီတို့ကွယ်လွန်ကုန်ကြပြီးနောက်တွင် အရိုက်အရာကိုဆက်ခံရန်ရှိနေသူမှာ ခွိုးတီဖဲ၏သား 'ဖိုးကလဲ'ဖြစ်သည်။ ဖိုးကလဲသည် ခွိုးတီဖဲအရိုက်အရာကိုဆက်ခံရမည့်သူဖြစ်သော်လည်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခြင်းတာဝန်ကို မထမ်းဆောင်လိုဟုငြင်းကာ ၎င်း၏ယောက်ဖဖြစ်သူပရာယ်တော် (ထားလဲရွာသား)အုရယ်ကို တိုင်းပြည်အုပ်ချုပ်ရန်လွှဲချသည့်အတွက် ကေးဖိုးဒူ၏ဆွေစဉ်မျိုးဆက်မဟုတ်သော ဖိုးကလဲ၏ယောက်ဖအုရယ်သည် ကြယ်ဖိုးကြီးနယ်၏တတိယစောဖျာတစ်ဦးဖြစ်လာလေသည်။ စောဖျာအုရယ်လက်ထဲတွင် တိုင်းပြည်အရေးကိစ္စများဆောင်ရွက်ရာ၌ လိမ္မာရေးခြားမရှိသဖြင့် လက်အောက်ခံအုပ်ချုပ်ရေးနယ်မြေများဖြစ်သည့် သံတောင်နယ်၊ ဘောကလိနယ်တို့သည် ခွဲထွက်ကာ အင်္ဂလိပ်အုပ်ချုပ်ရေးနယ်မြေထဲသို့ ပူးပေါင်းသွားလေသည်။ ကေးလျားရွာတွင်ကွယ်လွန်ပြီး ကေးလျားသင်္ချိုင်းတွင် သဂြိုလ်သည်။

၄။ စောဖျာဆော်။ ။ စောဖျာဆော်သည် ကြယ်တုန်းကြီးနယ်၏စတုတ္ထမြောက် စောဖျာတစ်ဦးဖြစ်သည်။ ကေးဖိုးဒူ၏သားမြေးဆက် မဟုတ်။ စောဖျာအုရယ်၏သားဖြစ်ပြီး ဖခင်ကွယ်လွန်သွားပြီးသည့်နောက်တွင် ဖခင်၏အရိုက်အရာကိုဆက်ခံသောသူတစ်ဦးဖြစ်သည်။ စောဖျာဆော်အုပ်ချုပ်သောအချိန်သည် ပထမကမ္ဘာစစ်ဖြစ်သောအချိန်ဖြစ်သည်။ မဟာမိတ်အင်္ဂလိပ်တို့သည် စစ်ကြီးကြောင့် အကြပ်အတည်းနှင့်ရင်ဆိုင်ကြုံတွေ့ရ၍ အကူအညီတောင်းဆိုလာသည်။ ထိုသို့ မဟာမိတ်အင်္ဂလိပ်မှစစ်တိုက်ရန်အတွက် အကူအညီတောင်းဆိုလာသည်ကို စောဖျာဆော်သည် ဟိုယာတိုက်နယ်မှ ကယောအမျိုးသားတပ်ခွဲတစ်ခွဲကို စစ်ကူပို့ပေးလေသည်။ အခန့်ကြာက်ကရင်နီပြည်ဖြစ်သည့်ကြယ်ဖိုးကြီးနယ်၊ ဘောလခဲနယ်တို့သည် အင်္ဂလိပ်၏မဟာမိတ်များဖြစ်ကြသည့်အတွက် စစ်ကြီးအတွင်း အခက်အခဲနှင့်ကြုံတွေ့ရသော၎င်းတို့၏မဟာမိတ်အင်္ဂလိပ်ကို သွားရောက်ပြီး စစ်တိုက်ကူကြခြင်းပေဖြစ်သည်။ ကေးလျားတွင်ကွယ်လွန်ပြီးမိဘနှင့်အတူ ကေးလျားသင်္ချိုင်းတွင် သဂြိုလ်သည်။


(၅) ခွီးဗျား။ ။ ခွီးဗျားသည် ကြယ်ဖိုးကြီးနယ်ကို အုပ်ချုပ်သည့် ပဉ္စမမြောက်ခွီး (စောဖျာ)တစ်ဦးဖြစ်သည်။ ကေးဖိုးဒူသားသျှတ်ဖဲမှဆင်းသက်သည်။ ကေးဖိုးဒူ၏ဆွေစဉ်မျိုးဆက် တဦးဖြစ်သည်။ စောဖျာဆော်ကွယ်လွန်သည့်နောက်တွင် ခွီး(စောဖျာ)၏အရိုက်အရာကို ဆက်ခံသူတဦးဖြစ်သည်။ ကေးလျားရွာတွင်အစဉ်အဆက်ရှိလာခဲ့သည့် ခွီး(စောဖျာ) ရုံးစိုက်ရာကို ဖရူဆိုသို့စတင်ပြောင်းရွှေ့သူဖြစ်သည်။ လောဒူလဲ(ခ)ယာဗိုတိုက်နယ်မှ ခေတ်ပညာတတ် ဦးဘအေး၊ ဦးအောမြလေး၊ အေစိုးမြင့်တို့သည် ၎င်းထံတွင်ရောက်ရှိအမှုထမ်းကြသည်။ ဖရူဆိုတွင် ကွယ်လွန်ပြီး ဖရူဆိုတွင်သင်္ဂြိုလ်သည်။

(၆) ခွီးဆူ။ ။ ခွီးဆူသည် ကြယ်ဖိုးကြီးနယ်၏ ဆဋ္ဌမမြောက်ခွီးတဦးဖြစ်သည်။ ခွီးဗျား ကွယ်လွန်ပြီးသည့်နောက် ခွီးအရိုက်အရာကိုဆက်ခံသောသူဖြစ်သည်။ ကေးဖိုးဒူ၏မြေး ဒိုကာလဲသားဖြစ်သည်။ ဖရူဆိုတွင် ဦးအောမြလေး၊ ဦးဘအေးတို့နှင့်တိုင်ပင်ပြီး တိုင်းပြည်တာဝန် ထမ်းဆောင်သည်။ ဖရူဆိုတွင်ကွယ်လွန်ပြီး ကေးလျားရွာကိုသယ်ဆောင်ကာ မိဘတို့နှင့်အတူသင်္ဂြိုလ်သည်။

(၇) ခွီးစော့ရွှေ (ကြားရယ်)။ ။ ခွီးစောရွှေကြားရယ်သည် ခွီးဆူကွယ်လွန်ပြီးသည့်နောက် သတ္တမမြောက်ခွီးအရိုက်အရာကိုဆက်ခံသောသူတဦးဖြစ်သည်။ ကေးဖိုးဒူမှဆင်းသက်သည့် ဆွေစဉ်မျိုးဆက်အဝင်တဦးမဟုတ်ပေ။ စောဖျာအုရယ်၏မြေး စောဖျာဆော်သားဖြစ်သည်။ ဆော်ရယ်သျှားမာတို့၏သားဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၃)ခုနှစ်တွင် ခွီးအရိုက် အရာကိုဆက်ခံသည်။ (၁၉၄၉)ခုနှစ်တွင် ကရင်ဖြူလူမျိုးတို့သည် မိမိတို့၏နိုင်ငံကိုထူထောင်လို ကြ၍ လွတ်လပ်သောအနောက်ကရင်နီပြည်တွင် တချို့ရောက်ရှိလာကြပြီး လူနှင့်လက်နက်များ စုဆောင်းကာပြည်ထောင်စုမြန်မာနိုင်ငံ၊ ဖဆပလ လက်အောက်ခံစစ်တပ်နှင့် လက်နက်ကိုင် ပဋိပက္ခကြီးမားစွာဖြစ်ပွားခဲ့သည်။ ကရင်နီပြည်သည်လည်း စစ်တလင်းဖြစ်ခဲ့သည့်အတွက် ကရင်နီပြည်သူလူထု အိုးအိမ်ရပ်ရွာများစွာ ပျက်စီးဆုံးရှုံးခဲ့ပေသည်။ ကရင်ဖြူလိုလားသူ၊ ဗမာလိုလားသူဟူ၍ အမျိုးသားချင်းသတ်ဖြတ်မှုများဖြစ်ပွါးသည်အထိ အခြေအနေဆိုးဝါးခဲ့သည်။ ထိုသို့အခြေအနေဆိုးဝါးသည့်အတွက် ခွီးစောရွှေ(ကြားရယ်)သည် နေရပ်ရွာဖရူဆိုကေးလျားကို စွန့်ခွာပြီး ဝေဝေါ်ပိုတိုက်နယ်၊ ဘူးကိုရွာဖက်သို့ တိမ်းရှောင်နေခဲ့ရသည်။ ဝေဝေါ်ပိုတိုက်နယ်အတွင်း လုံခြုံမှုမရှိဟုယူဆကာ ကန္တာရဝတီနယ်၊ လေ့လော့်ခ်ီးတိုက်နယ်၊ လိုကားခိုကျေးရွာ၊ သာပါနိုထံ (သာပါနိုချောင်းဝ)တွင် သွားရောက်ပုန်းအောင်းနေခဲ့ရသည်။ ၎င်းနေရာတွင်ပုန်းအောင်းနေရင်း

## ကေားဖိုးဒူ ထူထောင်သောပြည်ကို အုပ်ချုပ်သော နှီးစောဖျာများ

၁၇၅၀ မှ ၁၈၆၈




မှတ်ချက်။ ။ ကြယ်ဖွင့် အမှတ်အသားပါ နံပါတ်အစဉ်အလိုက်သည် နှီးစောဖျာ အစဉ်အဆက်ကို ဖေါ်ပြသည်။

## ဘောလဲနယ်  ဖိုးဗျားဒတင်

(ပုံပြင်ဘဲလား သမိုင်းလား)

လွန်ခဲ့သော ခရစ်သက္ကရာဇ် ၁၅၇၀ ဝန်းကျင်ခန့်ကဖြစ်သည်။ အောက်ပြည်အောက်ရွာ၌ ရွာတရွာတွင် စေတီတော်ကြီးတဆူပေါ် ထိပ်မှာ *လောသေးလောပရှိ*(ဓါတ်လုံးရှင်) တလုံးလာ၍နားနေသည်။ ထို့ကြောင့် အနီးအနားရှိ ရွာသူရွာသားများတို့သည် ၎င်း*လောသေး လောပရှိ* ကို တအံ့တသြ ငေးမောကာကြည့်နေကြသည်။မင်းညီမင်း သား၊ သူဌေးသူကြွယ်၊ စစ်ဗိုလ်စစ်သားများတို့ကမူ ငါ့ဥစ္စာ - - - - - ငါ့ဥစ္စာ ဟုအော်ဟစ်ကာ အလုအယက် စေတီတော် ၏ခြေရင်းရင် ပြင်၌ စုရုံးလာကြကုန်သည်။သူထက် ငါအလျှင် စေတီတော်ထိပ်က *လောသေးလောပရှိ*ကို ရယူလိုကြကုန်သည်။ရယူနိုင်ဘို့စေတီ တော် ကိုလုယက်ကာ တက်ဘို့ကြိုးစားကြကုန်သည်။ ထိုသို့နှင့် နေ့ညမ ပြတ်ထိုစေတီတော်၏ ခြေရင်းတွင် ဆူဆူညံညံနှင့် လူအုပ်ကြီးစည် ကားနေလေတော့သည်။ သို့သော် မည်သူတဦးတယောက်မျှ ၎င်း *လောသေးလောပရှိ*ရှိရာ စေတီတော်ထိပ်ကို မတက်ရောက်နိုင်ကြ ချေ။

ထိုရုပ်ယှက်ခတ်နေသည့် လူအုပ်ကြီးထဲတွင် အဖွားအိုတ ယောက်သည် ဖိုးဗျားအမည်ရှိတဲ့ မြေးကိုဆွဲပြီးလူအုပ်ကြီးကြားမှရုန်း ထွက်လာသည်။လူအုပ်၏အပြင်ဘက်ကိုရောက်လာသည့်အခါ အ ဖွားအိုသည် မြေးဖြစ်သူကို စေတီတော်ထိပ်က *လောသေးလောပရှိ* ကို မလိုချင်ဘူးလားဟုပြောလေသည်။ မြေးဖြစ်သူဖိုးဗျားက တက်ယူ လို့ရယင် လိုချင်တာပေါ့ဟုအဖွါးကို ပြန်ပြောလေသည်။ အဖွားအို သည် ဖိုးဗျားကိုဆွဲပြီးနေသည့်အိမ်ကို ပြန်သွားကြလေသည်။

အိမ်ကိုပြန်ရောက်သည့်အခါ အဖွါးအိုသည်ကောက်ညှင်းဆန်ကို ကော်ရည်ဖြစ်အောင်ကြိုချက်ပြီး မြေးဖြစ်သူဖိုးဗျား၏ လက်ဖဝါးနှင့် ခြေ ဖဝါးများတွင် သုတ်လိမ်းပေးလိုက်သည်။ ၎င်းနောက် ငှါ့မြေးစေတီတော်ထိပ်က *လောသေးလောပရှိကို* သွားတက်ယူပေတော့ ဟု ပြောလေသည်။

ထိုအခါ ဖိုးဗျားသည် လူအုပ်ရှိရာကိုပြန်သွားပြီး လောသေးလောပရှိရှိရာ စေတီတော်ထိပ်ကို လွယ်လင့်တကူတက်သွားကာ လောသေးလောပရှိကို ထွေးပိုက်ရယူလေသည်။ ထိုသို့လောသေးလောပရှိကို ရယူပြီးပြန်ဆင်းမည်အပြု တွင်စေတီတော်ခြေရင်း၌ရှိနေကြသော မင်းစိုးရာဇာ၊သူဌေး သူကြွယ်၊စစ်ဗိုလ်စစ်သားများတို့သည် ငှါ့ကိုပေး - - - - ငှါ့ကိုပေး ဟုအလုအယက်အော်ဟစ်ကာ တောင်းကြလေသည်။ ငှါ့ကိုမပေးယင်သတ်မည်ဖြတ်မည်ဟူ၍လည်း ဓါးလှံများဝှေ့ရမ်းပြီး ဆင်းလာယင်သတ်ဖြတ်ကာ လုယူကြဘို့စောင့်နေကြသည်။

စေတီတော်ထိပ်က လောသေးလောပရှိကို ပိုက်ထွေးထားသော ဖိုးဗျားသည် ပြန်မဆင်းလာရဲတော့တဲ့ ငါဘယ်လိုလုပ်ရမလဲဟု အဖွားအိုကို လှမ်း၍အော်ကာ ပြောလေသည်။ အဖွားဖြစ်သူသည် ငှါ့မြေး ပြန်မဆင်းလာနဲ့ ဟုပြောပြောဆိုဆိုအနီးအနားရှိကိုင်းပင်တခုကို လှမ်းချိုးယူလိုက်သည်။ ၎င်းနောက် မြင်းသဏ္ဍာန်ဖြစ်အောင်ချိုးလိုက်ပြီး၊ ငှါ့မြေးဒီမြင်းပျံကိုစီးပြီး တရပ်တနယ်ကိုပျံထွက် သွားတော့ ဟုပြောရင်းဆိုရင်းလက်ထဲမှ မြင်းသဏ္ဍာန်ချိုးထားသည့် ကိုင်းပင်ကို မြေးရှိရာသို့ ပစ်တင်ပေးလိုက်လေသည်။ ထိုခဏချင်းတွင် အဖွားအို ပစ်တင်ပေးလိုက်သောကိုင်းပင်သည် စီးဘို့မြင်းပျံတစီးဖြစ်သွားလေသည်။ ဖိုးဗျားသည်လည်း အဖွားပစ်တင်ပေးလိုက်သော မြင်းပျံပေါ်

ခုန်တက်ပြီး ပျံထွက်ရာတွင် မြင်းပျံသည်ကောင်းကင်အထက်သို့ တခါတည်းမပျံနိုင်ဘဲ မြေပြင်သို့နိမ့်၍ ပျံဆင်းလာလေသည်။

ထိုအခါ မြေပြင်တွင် ဓါးလှံတို့ဖြင့် စောင့်နေကြသောလူတို့သည် လိုချင်နေကြသော လောသေးလောပရှိ ကျလာပြီအထင်နှင့် မြင်းပျံနိမ့်၍ ပျံဆင်းလာရာသို့ ဂ့ါဥစ္စာ၊ ဂ့ါဥစ္စာဟုအလုအယက်အော်ဟစ်ကာလိုက်ကြလေသည်။ ထိုအခါအဖွားအိုသည် ဂ့ါမြေးမြင်းဇက်ကိုဆွဲမော့ - - - - - မြင်းဇက်ကိုဆွဲမော့ ဟုလှမ်း၍အော်ပြောလေသည်။ ဖိုးဗျားသည် အဖွား အော်ပြောသံကိုကြား၍ မြင်းဇက်ကိုဆွဲမော့ လိုက်ရာမြင်းပျံသည်နိမ့် ဆင်းလာနေရာမှ တဖန်မြင့်၍ မြင့်၍ပျံတက်သွားလေသည်။

ထိုသို့မြင်းပျံသည် အမြင့်ကိုပြန်၍ပျံတက်သွားသည့်အတွက် လိုက်လာသည့်လူအုပ်ထဲမှ တဦးတယောက်သည် ပျံတက်နေသော မြင်းပျံ၏ နောက်ကိုဓါးနှင့် လှမ်း၍ခုတ်လိုက်လေသည်။ ထိုခုတ်လိုက်သည့်ဓါးချက်သည် ဖိုးဗျား၏ ဒူးကို ခုတ်မိသွားလေသည်၊ဖိုးဗျားသည် ခြေတဖက်တွင် ဒါဏ်ရာနှင့် အဝေးတနေရာသို့ပျံထွက်သွားပြီး ကိုင်းပင်ထူထပ်သည့်ကိုင်းတောကြီးဒေသတနေရာတွင် ဆင်းသက် ကာပုန်းအောင်းနေလေသည်။ ထိုကိုင်းတောကြီးထဲတွင် ဖိုးဗျားသည် လူသူအမြင်မခံဘဲ ကာလအချိန်အတော်ကြာသည့်တိုင် တိတ်တ ဆိတ်ပုန်းအောင်းနေလေသည်။

ဖိုးဗျားပုန်းအောင်းနေသည့် ကိုင်းတောကြီးထူထပ်သည့် ထိုဒေသသည် ဗမာလူမျိုး၊ ရှမ်းလူမျိုး၊ ကယားလီလူမျိုးများရောပြွမ်း၍ နေထိုင်ကြသည့်ဒေသဖြစ်ပြီး တောင်ယာပဲခင်းဖြင့်၎င်း၊ တောလိုက်အမဲရှာခြင်းဖြင့်၎င်း၊ အသက်မွေးကာ နေထိုင်သည့် ဒေသတနေရာ ဖြစ်လေသည်။

ကာလအချိန်သည် ဖိုးဗျားကို လူတို့နှင့်အတူရပ်ရွာတွင် နေထိုင်ရမည်ဖြစ်၍ ဖိုးဗျားနှင့်အတူရှိနေသည့် လောသေးလောပရှိသည် တောကြက်ဖတကောင် တွန်သကဲ့သို့ နေ့စဉ်အချိန်မှန်မှန်တွန် လေသည်။ထိုသို့တွန်သည့်အတွက် အမဲလိုက်မုဆိုးတို့သည် ပစ်ခတ်ဖမ်းဆီးဘို့ မကြာမကြာ ချောင်းမြောင်းကြလေသည်။ထိုသို့ တောကျွမ်းမုဆိုးတို့သည် မည်သို့ပင် သတိဝိရိယကြီးစွာဖြင့်ရက်လအချိန်ကြာသည့်တိုင် ချောင်းမြောင်းသော်လည်း ထိုတွန်သံကြားရသည့် တောကြက်ဖတကောင်၏ အရိပ်အရောင်ကိုမျှ မမြင်မတွေ့ကြရချေ။ မည်သို့ပင်ကြိုးပမ်းပြီး ချောင်းမြောင်းသော်လည်း မတွေ့ရသည့်အခါ သာမာတောကြက်တကောင်တွန်သည် ဟုမယူဆကြတော့ ပေ။နတ်သိကြားတို့ ဖန်တီးသည့် တောကြက်တကောင်၏ တွန်သံ ဖြစ် မည်ဟုယုံမှတ်ကြလေတော့သည်။

ထိုသို့ ယုံမှတ်ကြသည့်အတွက် တောကျွမ်းမုဆိုးများဖြစ်ကြသည့် ဗမာ၊ ရှမ်း၊ ကယားလီလူမျိုးတို့သည် ထိုတွန်သည့်တောကြက်ဖတကောင်ကိုတွေ့ဘို့ ဓလေ့ထုံးတမ်းရှိကြသည့်အတိုင်း တောတောင်ကိုစောင့်ရှောက်သည့် နတ်သိကြားတို့ကို ပူဇော်ပသကြလေသည်။ထိုသို့ ပူဇော်ပသသည့်အတွက် ကယားလီတို့ပူဇော်ပသသည့်ဖက်တွင် ထူးခြားမှုတစုံတရာဖြစ်ပေါ်လာသည်မှာခြေထောက်တဖက်မသန်သည့် တစိမ်းလူငယ်သည်တယောက်ကို ပူဇော်ပွဲတင်သည့်အနီးအနားတွင် မြင်တွေ့ကြရခြင်းဖြစ်သည်။

ထိုအခါ ရွာသူရွာသားတို့သည် ထိုတစိမ်းငယ်သည် အနီးအနားသို့ ချည်းကပ်သွားကြပြီး ရင်းနှီးသိကျွမ်းလိုမှုကိုပြကြလေသည်။ ဖိုးဗျားသည်လည်း မိမိသည်တရပ်တနယ်ကနေဒီနေရာကို မြင်းပျံစီးပြီး ရောက်ရှိလာကြောင်း၊ ခြေထောက်တဖက်တွင် ဓါးခုတ်ခံရ၍ခြေ

တဖက်မသန်ကြောင်း၊ ရွာတွင်လိုက်၍အတူတူနေထိုင်လိုကြောင်း ရွာသားတို့ကို ပြောလေသည်။

ထိုသို့နှင့် ဖိုးဗျားသည် ရွာသားနှင့်သိကျွမ်းရင်းနှီးခင်မင်မှုကို ရရှိပြီး ထိုရွာတွင်ကာလအတော်ကြာ ရွာသူရွာသားတို့နှင့် အတူနေထိုင်လာသည်။ ရွာသားတို့က ဖိုးဗျားခြေတဖက်မသန်မစွမ်းဖြစ်သည်ကို အကြောင်းပြုပြီး ဖိုးဗျားကို (ဖိုးဗျားဒတ်) ဟုခေါ်ဆိုကြလေသည်။ *(မသန်မစွမ်းသည့်ဖိုး ဗျားဟူသောအဓိပ္ပါယ်ဖြစ်သည်။)*

၎င်းဒေသရှိရွာသားတို့သည် ဖိုးဗျားကို လူထူးလူဆန်းတဦးဖြစ်သည် ဟုဆိုကြကုန်သည်။ထို့ကြောင့် ဖိုးဗျားဒတ်၏ အမည်သတင်းသည် ထူးဆန်းသော လူတယောက်ဟူ၍ ကယားလီလူမျိုး တို့နေထိုင်သည့် နေရာဒေသိုပင်ပြန့်နှံ့ ကျော်ကြားလာခဲ့လေ သည်။

## ကယားလီဒေသကို ဖိုးဗျားဒတ်ရောက်လာခြင်း

ဖိုးဗျားဒတ်သည် ဗမာ၊ ရှမ်း၊ ကယားလီလူမျိုးတို့ရောပြွန်း၍ နေထိုင်ကြသည့် ထိုဒေသရပ်ရွာတွင် မပျော်မွေ့နိုင်ဘဲ ကယားလီလူမျိုးတို့နေထိုင်သည့်ဒေသသို့ သွားရောက်နေထိုင်လိုကြောင်းမကြာ ခဏ ပြောဆိုလေသည်။ထိုသို့ အောက်ပြည်အောက်ရွာတွင် လူထူးလူဆန်းတဦးသည် ကယားလီလူမျိုးများနေထိုင်သည့်ဒေသမှာ လာရောက်နေထိုင်လိုကြောင်း ပြောသည်ကို ကယားလီဒေသတွင် နေထိုင်ကြကုန်သည့်ရပ်ရွာမှ ရွာသူရွာသားများကြားသိကြကုန်သည်။ ထိုသို့ ကြားသိရသည့်အတွက် ဖိုးဗျားဒတ်ကို သွားရောက်ပင့် ခေါ်လာဘို့ တိုင်ပင်ပြောဆိုကြလေသည်။

ထိုသို့နှင့် တနှစ်သောစပါးရိတ်သိမ်းပြီးချိန်၌ ခေါသမောရွာတွင် နေထိုင်ကြသည့်ရွာသားအချို့တို့သည် ဖိုးဗျားဒတ်နေထိုင်သည့်နေရာဒေသသို့ ဆင်းသွားကြပြီး ဖိုးဗျားဒတ်ကို ပင့်ခေါ်ကြ လေသည်။ထိုသို့ လာရောက်ပင့်ခေါ်သည့် ရွာသားများကို ဖိုးဗျားဒတ်က ခင်ဗျားတို့ ဟာဘယ်လိုသောလူစားမျိုး လဲ၊ ရိုးသားတဲ့လူတွေလား၊ လိမ်ညာတဲ့ လူတွေလားဟု မေးမြန်းလေသည်။ ထိုသို့မေးမြန်းသည်ကိုကျနော်တို့ဟာ အလွန်ရိုးသားဖြောင့်မတ်တဲ့လူတွေဖြစ်ပါသည်ဟု လာရောက်ပင့်ခေါ်သည့်ရွာသားများက ပြန်ပြောကြလေသည်။ ထိုသို့ ပြန်ပြော သည်ကို ဖိုးဗျားဒတ်က ခင်ဗျားတို့ဟာ အလွန် ရိုးသားဖြောင့်မတ်တဲ့လူတွေဖြစ်သည့်အတွက် ခင်ဗျားတို့နဲ့အတူ ကျနော်မလိုက်ဘူး ဟုပြောလေသည်။

ထိုအခါ လာရောက်ပင့်ခေါ်သည့်ရွာသားများသည် ဖိုးဗျားဒတ်က ၎င်းတို့နှင့်မလိုက်ဟုပြောသည့်အတွက် မိမိတို့နေထိုင်ရာရပ်ရွာသို့ ပြန်တက်သွားကြလေသည်။ ရပ်ရွာကိုပြန်ရောက်သည့် အခါမိမိတို့ကြုံတွေ့ရသမျှတို့ကို တခြားသောရွာများတွင် နေထိုင်သည့်လူတို့ အားပြန်၍ ပြောပြလေသည်။

ကယားလီလူမျိုးတို့ နေထိုင်ရာဒေသမှ လာရောက်ပင့်ခေါ်သည့်ရွာသားများပြန်သွားကြပြီးသည့်နောက်တွင် ဖိုးဗျားဒတ်သည် ယခင်အတိုင်းမိမိကယားလီဒေသသို့သွားရောက်နေထိုင်လိုကြောင်း ပြောမြဲပြောပြန်သည်။ ထိုသို့ ထပ်မံပြောသည်ကို ကယားလီဒေသမှာ နေထိုင်ကြသည့် ရွာသူရွာသားများကြားသိကြကုန်သည်။ထိုသို့ ဖိုးဗျားဒတ်က ကယားလီဒေသမှာ လာရောက်နေထိုင်လို ကြောင်း ကြားရပြန်သည့်အတွက် တနှစ်သောစပါးရိတ်သိမ်းပြီးချိန်၌ လော

ခုရွာတွင် နေထိုင်သောရွာသားအချို့တို့သည် ဖိုးဗျားဒတ်ကိုပင့်ခေါ်ဘို့ ဆင်းသွားကြပြန်သည်။

ထိုသို့ ကယားလီဒေသမှ ရွာသားအချို့ပင့်ခေါ်ဘို့ရောက်လာကြပြန်သည့်အခါ ဖိုးဗျားဒတ်သည် ယခင်လာရောက်ခဲ့သည့်လူတွေကို မေးမြန်းသကဲ့သို့ သင်တို့ဟာဘယ်လိုလူစားမျိုးလဲ၊ ရိုးသားတဲ့လူတွေလား၊ လိမ်ညာတဲ့လူတွေလားဟု မေးမြန်းလေသည်။ ထိုသို့ မေးမြန်းသည်ကိုပင့်ခေါ်ဘို့ လာကြသောရွာသားတို့သည် အရင်တခေါက်က လူတွေပြန်ပြောသလိုမပြောဘဲ ကျနော်တို့ဟာ အလွန်လိမ်ညာတတ်တဲ့လူတွေဖြစ်ပါသည် ဟုပြန်ပြောလေသည်။ ထိုအခါဖိုးဗျားဒတ်သည် ခင်ဗျားတို့ဟာ အလွန်လိမ်ညာတတ်တဲ့ လူတွေဖြစ်ကြတဲ့အတွက် ခင်ဗျားတို့နဲ့အတူငါမလိုက်ဘူး ဟုရွာသားတို့ကိုပြောလေသည်။ ပင့်ခေါ်ဘို့လာကြသောရွာသားတို့လည်း ဖိုးဗျားဒတ်က သူတို့နှင့်မလိုက် ဟုပြောသည့်အတွက် မိမိတို့နေရပ်ဒေသသို့ပြန်တက်သွားကြလေသည်။ ရပ်ရွာကိုပြန်ရောက်သည့်အခါ မိမိတို့ကြုံတွေ့ခဲ့ရသမျှတို့ကို တခြားလူတို့ အားပြန်၍ ပြောပြလေသည်။

ကယားလီဒေသမှ ရွာသားများပြန်သွားကြပြီးသည့်နောက်တွင် ဖိုးဗျားဒတ်သည် ကယားလီလူမျိုးတို့ နေထိုင်သည့်ဒေသကို သွားရောက်နေထိုင်လိုကြောင်း ထပ်မံ၍ပြောမြဲပြောပြန်လေသည်။ ထိုသို့ ဖိုးဗျားဒတ်ပြောဆိုသည်ကို ကယားလီဒေသတွင် နေထိုင်ကြသည့်ကယားလီရွာသားများကြားသိကြရပြန်သည်။ ထိုသို့ ကြားသိရပြန်သည့်အတွက် တနှစ်သောစပါးရိတ်သိမ်းပြီးချိန်တွင် လောကျေခူရွာတွင် နေထိုင်သည့် ရွာသားအချို့တို့သည် ဖိုးဗျားဒတ်ကိုပင့်ခေါ်ဘို့ ဆင်းသွားကြလေသည်။

ဖိုးဗျားဒတ်ရှိရာကိုရောက်သွားကြသည့်အခါ ဖိုးဗျားဒတ်သည် ယခင်အခါများကဲ့သို့ ပင့်ခေါ်ဘိုရောက်ရှိလာကြတဲ့ ရှာသားများကို မေးမြန်းသည့်အတိုင်း ခင်များတို့ဟာ ဘယ်လိုလူစားမျိုးလဲ၊ ရိုးသားတဲ့လူတွေလား၊ လိမ်ညာတဲ့လူတွေလား ဟုမေးမြန်းလေသည်။

ထိုသို့ ဖိုးဗျားဒတ်မေးမြန်းသည်ကို ရှာသားတို့သည်ယခင်များက လူတွေပြန်ပြောကြသလိုမပြောဘဲ ကျနော်တို့ဟာ ရိုးသားတဲ့အခါ ရိုးသားပါတယ်၊ လိမ်ညာတဲ့အခါလည်း လိမ်ညာတတ်ပါတယ် ဟုဖိုးဗျားဒတ်ကို ပြန်၍ပြောလေသည်။

ထိုအခါ ဖိုးဗျားဒတ်သည် လူသား ဘဲ့၊ရိုးသားတဲ့အခါနဲ့ လိမ်ညာတဲ့အခါမျိုးရှိကြရမှာဘဲ့၊ ခင်ဗျားတို့ဟာအမှန်အတိုင်းပြောတတ်တဲ့လူတွေဖြစ်တဲ့အတွက် ခင်ဗျားတို့နဲ့အတူ ကျနော်လိုက်မည်ဟု ပြောပြီးလာရောက်ပင့်ခေါ်သည့် လောကျေခူ ရှာသားတို့ နဲ့ အတူ ကယားလီလူမျိုးတို့ နေထိုင်ရာဒေသသို့ ထ၍ လိုက်သွားလေသည်။

ထိုသို့ ဖိုးဗျားဒတ်သည် ကယားလီလူမျိုးတို့နေထိုင်ရာဒေသသို့ လိုက်သွားမည်ဖြစ်သည့်အခါခြေထောက်တဖက်မသန်မစွမ်းဖြစ်သည့်အတွက် လာရောက်ပင့်ခေါ်သည့်ရှာသားတို့သည် ထမ်းစင်ကိုလုပ်ပြီး ဖိုးဗျားဒတ်ကို ထမ်းပြန်ကြလေသည်။

ကယားလီလူမျိုးနေထိုင်သည့်ဒေသသို့ရောက်ရှိလာ သည့်အခါ လောကျေခူရှာသားတို့သည် (အီဟောရှေလဲ) ဆိုသည့်နေ ရာတွင် သွားပြီးကြိုဆိုကြလေသည်။ လာရောက်ကြိုဆိုကြသည့် ရှာသားတို့သည် ဖိုးဗျားဒတ်ကိုမြင်တွေ့ကြသည့်အခါမှာ ခြေတဖက်ကလည်းမကောင်း၊ အဝတ်အထည်ကလည်းမလှမပဘဲ့ဖြစ်နေသည်ကို မြင်တွေ့ကြရလေသည်။

ထိုသို့ စုတ်ပြတ်နေသည့် ဖိုးဗျားဒတ်ကို မြင်တွေ့ကြသည့်အတွက် ဖိုးဗျားဒတ်ကိုအထင်မကြီးကြဘဲ၊ အချင်းချင်းတယောက်ကိုတယောက် ဘာဖြစ်လို့ဒီလောက်စုတ်ပြတ်တဲ့ခြေကျိုးတယောက်ကို အပင်ပမ်းခံပြီး သွားထမ်းလာရဒါလဲ၊ ပစ်ထမ်းလိုက်ဟုပြောဆိုကြလေသည်။

ထိုသို့ရွာသားများက အချင်းချင်းမိမိအကြောင်း တိတွတ်ပြောဆိုနေကြသည်ကို ဖိုးဗျားဒတ်ကြားသိရသည့်အတွက် ဖိုးဗျားဒတ်သည် ငါအပေ့ါအပါးခဏသွားလိုက်အုံးမယ်ဟု ပြောပြီးသစ်ပင်ကြီးတပင်၏နောက်ကွယ်ကို ထွက်သွားလေသည်။ ခဏမျှကြာသည့်အခါ ရွာသားများစုဝေးနေသည့်နေရာသို့ ဖိုးဗျားဒတ်ပြန်ဝင်လာသည်။

ထိုအခါရွာသားများတို့သည် တအံ့တသြမြင်တွေ့ကြရပြီး တယောက်ကိုတယောက် စကားမပြောနိုင်ကြတော့ဘဲ ဖိုးဗျားဒတ်ကို ငေးမောကာကြည့်နေကြလေသည်။သူထမ်းမယ်၊ ငါထမ်းမယ်နှင့် ဖိုးဗျားဒတ်ကိုလုယက်ပြီးမိမိတို့ နေသည့်ရွာကိုထမ်းပြန်သွားကြလေသည်။

ထိုသို့ လုယက်ပြီး ဖိုးဗျားဒတ်ကိုထမ်းလိုကြရသည်မှာ ရွာသားတို့သည် ဖိုးဗျားဒတ်ကိုစ၍ မြင်တွေ့ခဲ့ကြသည့် ရုပ်သွင်လုံးဝပြောင်းလဲသွားပြီး သစ်လွင်တဲ့ အဝတ်အထည်နှင့်ဖြစ်သွားသည် မက နကိုယ်မှာလည်း တောက်ပံ့သောရောင်ခြည်ထွက် ပေါ်နေသည်ကိုမြင်တွေ့ကြရသည့်အတွက် ထိုသို့ ဖိုးဗျားဒတ်ကိုလုယက်ကာ ရွာသို့ ထမ်းပြန်သွားကြခြင်းဖြစ်လေသည်။ ထိုသို့နှင့် ဖိုးဗျားဒတ်သည် ကယားလီလူမျိုးတို့နေထိုင်သည့်ဒေသ လောကျေခူရွာတွင် ကာလအတန်ကြာသည့်တိုင် ရောက်ရှိနေထိုင်ခဲ့လေသည်။

## တဘောတခဲ (ဘောလခဲ) ရွာကို တည်ထောင်ခြင်း

ဖိုးဗျားဒတ်သည် လောကျေးရှူရွာတွင် နေထိုင်ခဲ့ရာ တနေ့တွင် ၄င်းစီးသောမြင်းသည် ရှားလဲအမည်ရှိတဲ့ ရွာသားတဦး၏ ပြောင်းဖူးခြံထဲကိုဝင်ပြီး ပြောင်းဖူးများကို စားလေသည်။ ထိုသို့ မြင်းက ခြံထဲဝင်ပြီး ပြောင်းဖူးကိုစားသည့်အတွက် ခြံပိုင်ရှင် ရှားလဲသည် မြင်းကိုခြံထဲမှ ထွက်အောင် လောက်လေးနှင့်ပစ်လေသည်။ရှားလဲပစ်လိုက်သောလောက်လေး၏ လောက်စာလုံးသည် မြင်း၏မျက်လုံးတဖက်ကိုတည့်တည့်ထိမှန်၍ မြင်းသည် မျက်လုံး တဖက်ကန်းသွားသည်။

ထိုသို့ မိမိစီးသည့်မြင်းမျက်လုံးကန်းသွားအောင် လောက်တလုံးနှင့် အပစ်ခံရသည့်အတွက် ဖိုးဗျားဒတ်သည် ဒီရပ်ဒီရွာမှာ သူနေထိုင်ဘို့မသင့်တော်ဘူး ဟုပြောပြီး လောကျေးရှူရွာမှ ထွက်သွားလေသည်။ထိုသို့ လောကျေးရှူရွာမှ ထွက်ခွါသွားပြီး တဘောလျှား၊ တခဲလျှားချောင်းနှစ်ချောင်းဆုံသည့်နေရာတွင် သွားရောက်ကာ ရပ်ရွာကိုတူထောင်ပြီးနေထိုင်လေသည်။၄င်းတူထောင်နေထိုင်သည့်ရွာကို တဘောတခဲ ဟုအမည်တွင်လေသည်။ကာလရွေ့လျားလာသည့်အခါ တဘောတခဲရွာမှ ဘောလခဲ အမည်အဖြစ်သို့ ပြောင်းလဲခေါ်ဝေါ်လာကြသည်။ယနေ့တိုင် အထင်အရှားတည်ရှိနေသေးသည့် ဘောလဲခဲမြို့ပင်ဖြစ်သည်။

ဖိုးဗျားဒတ်သည် ဘောလခဲရွာ(တဘောတခဲ)တွင်နေထိုင်ပြီး ကယားလီလူမျိုးများစုဝေးကာ နေထိုင်သည့်ဒေသမှာရှိတဲ့ ရပ်ရွာများအားလုံးသို့ ဝင်ထွက်သွားလာလေသည်။သာမန်လူတဦးကဲ့သို့ စားသောက်ခြင်းမရှိဘဲ သစ်ဥသစ်ဖု၊ သစ်သီးဝါလံများကို သာစားသောက်သုံးဆောင်သည်။ ထို့ကြောင့် ကယားလီလူမျိုးအားလုံးတို့သည် ဖိုးဗျားဒတ်ကို ပရာယ်ပရိုတဦး ဟုကြည်ညိုလေးစား၊ ဆည်းကပ်ရိုသေ၊ ကိုးကွယ်ထားကြလေသည်။

# ကန္တာရဝတီနယ်

## ဘိုးဖိုးဒူ (ခ) ဘိုးဖိုးတာလွှေ

## အရှေ့ ကရင်နီပြည်

ခရစ်သက္ကရာဇ် ၁၈၀၀ ဝန်းကျင်ကဖြစ်မည်၊ တဘောတခဲ [ဘောလခဲ] ရွာ၏အရှေ့တောင်ဖက်၊ မွန်ချောင်းအရှေ့ဖက်ကမ်းပေါ်တွင် တာလွှေအမည်ရှိသည့်ရွာကလေးတရွာတည်ရှိသည်၊ ထိုရွာကလေးတွင် ဘိုးဖိုးအမည်ရှိသည့် လူရွယ်တဦးနေထိုင်သည်။ ရွာသူရွာသားတို့က ဘိုးဖိုးသည် သာမန်လူတဦးမဟုတ်၊ ပရောယ်ပရိုတဦးဖြစ်သည်ဟု ဆိုကြကုန်သည်။

ထိုသို့နှင့်တာလွှေရွာက ဘိုးဖိုး၊ ဘိုးဖိုးတာလွှေပရောယ်ပရိုဖြစ်သည်ဟူသော သတင်းသည် ပတ်ဝန်းကျင်ရှိရွာများသို့ ထင်ပေါ်ကျော်ကြားသွားလေသည်။ ဘိုးဖိုးသည် သာမန်လူတို့ထက်ထူးကဲမှုရှိသူဖြစ်သည်။ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသူတစ်ဦးဖြစ်သည်၊ ထို့ကြောင့် ဘိုးဖိုးဒူဟူ၍ ကယား လီလူမျိုးတို့နေထိုင်သည့်ဒေသတွင်မက၊ ရှမ်း၊ ဗမာနေထိုင်သည့်ဒေသများသို့ ပင်ထင်ပေါ်သွားလေသည်။

[ တအုပ်တပေများတွင် ဘိုးဖိုးဒူကို ဖေါ့ဖေါ်ကြီးဟူ၍၄င်း၊ မောင်မောင်ဖုန်းဟူ၍၄င်း ရေးသားပေါ်ပြထားသည်။ ၄င်းအပြင်မောင်မောင်ဖုန်းအမည်ရှိသည့် မွန်မင်းမျိုးမင်းနွယ်တဦးဖြစ်မည်ဟူ၍၄င်း မောင်မောင်ဖုန်းကနေ ဖေါ့ဖေါ်ကြီး (ဘိုးဖိုးဒူ) ဖြစ်ပေါ်သလိုရေးသားသည်ကိုဖတ်ရှုရသည်။ ထိုသို့ဖြစ်ခဲ့ပါမူ ဘိုးဖိုးဒေါ်တွင် စေတီပုထိုးရှိနေရပါမည်။ ထိုခေတ်အချိန်က မွန်လူ မျိုး၊ ဗမာလူမျိုးတို့သည် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုလေးစား၊ ကိုးကွယ်ကြကုန်၍ ရောက်ရာအရပ်တွင် စေတီပုထိုးတည်တတ်သည့်အလေ့အထရှိနေကြပေသည်။ ဘိုးဖိုးဒူ (ဖေါ့ဖေါ်ကြီး)သည် ကယားလီလူမျိုးစစ် စစ်တဦးသာလျှင် ဖြစ်ရပါမည် ဟုဆိုချင်ပါသည်။ အကြောင်းမှာ ဘိုးဖိုးဒေါ်တွင် တံခွန်တိုင်များကိုသာမြင်တွေ့ ရပါသည်။ ]

# ဗိုးဗျားဒတ်မှ ဘိုးဖိုးရှုကို ခေါ်တွေပြီး အကဲစမ်းခြင်း

"ကျွဲဟာလည်ပင်းကြီးယင် အဖေါ်တွေကိုဝေ်မှာဘဲ့"

တလွှေရွာတွင်နေထိုင်သည့်ဘိုးဖိုး အမည်ရှိသူသည် ပရာယ်ပရိတဦးဖြစ်ကြောင်း၊ ရွာသူရွာသားတို့ပြောသည့်သတင်းကို ပိုးများဒတ်ကြားသိရလေသည်။ ထိုသို့ကြားသိရသည့်အတွက် ဟုတ်မဟုတ်ကိုသိလို၍ဘိုးဖိုးကိုသူနှင့်ခဏလာတွေ့ဘို့မှာလိုက်လေသည်။

ထိုသို့ အသက်ကြီးရင့်သူပရာယ်ပရိပိုးမျှားဒတ်တွေ့လိုသည် ဟုမှာကြားလာသည့်အတွက်ဘိုး ဖိုးသည်ပိုးမျှား ဒတ်နေထိုင်ရာ တဘောတခဲ ရွာကြွသွားလေသည်၊ တဘောတခဲရွာကိုရောက်သည့်အခါ ပိုးမျှားဒတ်သည် ဘိုးဖိုးကိုပွန်ချောင်းဖက်သို့ခဏဆင်းသွားကြရအောင်ဟုပြော လေသည်။ ဘိုး ဖိုးသည်လည်းပိုးမျှားဒတ်ခေါ် သွားရာ ပွန်ချောင်းသို့လိုက်သွား လေသည်။ ပွန်ချောင်းကမ်းဘေးသို့ ရောက်သွားကြသည့်အခါ ပိုး မျှားဒတ်သည်အနီးအနားရှိဝါး ရုံတရုံမှ ဝါး ရွက်အနည်းငယ်ကို လှမ်းချိုးယူလိုက်ပြီးချောင်းထဲသို့ပစ်ချလိုက်လေသည်။ ပိုးမျှားဒတ် ပစ်ချလိုက်သည့် ဝါး ရွက်တို့သည်ချောင်းထဲကိုရောက်သည့်အခါ ငါး များဖြစ်သွားပြီးရေထဲတွင်ကူးသွားကူးလာနှင့် ပျော်မြူးစွာရေကူးကစားကြလေသည်။

ထိုအခါဘိုးဖိုးသည် မိမိပေါင်းထားသည့်ခေါင်းပေါင်းကိုယူချလိုက်ပြီးချောင်းရေကမ်းစပ်သို့ ပစ်ချလိုက်သည်။ ဘိုးဖိုးပစ်ချ လိုက်သည့်ခေါင်းပေါင်းသည် မျိုင်းဖြူကြီး တကောင် ဖြစ်သွားပြီး ရေထဲတွင်မြူးတူးနေကြသော ပိုးမျှားဒတ်ပန်ဆင်းထားသည့်ငါး များတို့ကိုအားလုံးဖမ်းစားလိုက်လေသည်။

ထိုသို့ မိမိပန်ဆင်းထားသည့် ငါးများတို့အား ဘိုးဖိုးကမျှင်း ပန်ဆင်းပြီး ပမ်းစားလိုက်သည်ကို ဖိုးများဒတ်မြင်တွေ့ရသည့် အခါ ဘိုးဖိုးဟာ ပရာယ်ပရိတဦး ဖြစ်နေသည်ဟုသိရလေသည်။ ထိုသို့ ဘိုးဖိုးဟာ ပရာယ်ပရိတဦး ဖြစ်နေသည်ကိုသိရသည့်အခါ "တိုင်း ပြည်နိုင်ငံတို့ ကိုတိုက်ခိုက်သိမ်းပိုက်ပြီး ကိုယ့်တိုင်းပြည်နိုင်ငံကို ထူ ထောင်လို့ ပါသလား" ဟုဘိုးဖိုးကိုမေးမြန်းလေသည်။ ထိုသို့မေး မြန်းသည်ကို ဘိုးဖိုးက 'ကျွဲဟာလည်ပင်းကြီးယင် အလေါ်တွေကို ခတ်မှာဘဲ' ဟုပြန်၍ ပြောကြားလေသည်။ ထိုသို့ ပြောကြားပြီးသည့် နောက်တွင် ဖိုးများဒတ်သည် ဆက်ပြီးမေးမြန်းခြင်းမပြုတော့ဘဲ တိတ်ဆိတ်နေကာ နေအိမ်ရှိရာသို့ ပြန်တက်သွားကြလေသည်။

## ဘိုးဖိုးဒေါ် (ခ)စဝ်လုံရွှာ - သခင်ကြီးရွာကိုတည် ထောင်ခြင်း

"ကျွဲဟာလည်ပင်းကြီးယင် အပေါ်တွေကိုခတ်မှာဘဲ" ဟုဘိုးဖိုးပြန်ပြောလိုက်သည့်အတွက် ဖိုးဗျားဒတ်သည် ဘိုးဖိုးနှင့်ပါတ်သက်ပြီး အလေးအနက်စဉ်းစားယင်းအိမ်ကိုပြန်ရောက်လေသည်။ အိမ်ကိုပြန်ရောက်လာသည့်အခါ ဖိုးဗျားဒတ်သည် ဘိုးဖိုးကို "ခင်ဗျား တလွှေရွှာကနေ တခြားတနေရာကိုထွက်သွားပြီး အခြေချနေထိုင်ပါ။ပွန်ချောင်းအနောက်ဖက် ကေးလျားရွှာမှာ ကေးဖိုးဒူရှိနေပြီ၊ ပွန်ချောင်းအရှေ့ဖက်ကိုနေရာယူပါ၊ ပွန်ချောင်းအရှေ့ဖက်ကမ်းတလျှောက်မှ အရှေ့ဖက်အရပ်တခွင်ကို ကိုယ်ပိုင်နိုင်ငံဖြစ်လာအောင်ထူထောင်ပါ" ဟုပြောလေသည်။ ထို့နောက် ကြက်ဖကြီးတကောင်ကိုယူကာ ဘိုးဖိုးကိုပေး လိုက်ပြီး၊ ပွန်ချောင်းအရှေ့ဖက်ကမ်းအတိုင်းတက်သွားပါ၊ ကြက်ဖကြီးတွန်သည့်နေရာမှာ ရပ်ရွာထူထောင်ပြီး အခြေချနေထိုင်ပါ ဟုဘိုးဖိုးကိုပြောလေသည်။

ထိုသို့နှင့် ဘိုးဖိုးသည် ဖိုးဗျားဒတ်ပေးလိုက်သည့်ကြက်ဖကြီးတကောင်ကိုယူပြီး တဘောတခဲရွှာကနေ ခရီးထွက်သွားလေသည်။ ပွန်ချောင်းအရှေ့ဖက်ကမ်းအတိုင်းခရီး ထွက်လာရာမှ တမိုးတက်ခရီးပေါက်ရောက်သည့်အခါ ကြက်ဖကြီးတွန်လေသည်။ကြက်

ဖကြီးတွန်သည့်နေရာတွင် ရပ်ရွာထူထောင်ပါ ဟုဖိုးဗျားဒတ်မှာထားသည့်အတိုင်း ဘိုးဖိုးသည် ထိုနေရာတွင် ရွာတည်ပြီးနေထိုင်လေသည်။ ၎င်းတည်သည့်ရွာသည် ယနေ့တိုင် ကယားလီလူမျိုးတို့က ဘိုးဖိုးဒေါ်ဟူ၍၎င်း၊ ရှမ်းလူမျိုးတို့က စဝ်လုံ (သခင်ကြီး)ရွာဟူ၍ ၎င်း အထင်အရှားတည်ရှိနေသေးသည့် ရွာပင်ဖြစ်သည်။ ဘိုးဖိုးဒေါ်သည် တဆောတခဲ ရွာ၏ အရှေ့မြောက်ဖက် ပွန်ချောင်းအရှေ့ဖက်ကမ်းပေါ်တွင်တည်ရှိပြီး တဆောတခဲရွာ နှင့် တစ်ဆယ်နှစ်မိုင် ကွာဝေးသည့်နေရာတွင် တည်ရှိသည်။

ဘိုးဖိုးဒေါ်သည့်အရှေ့ ကရင်နီနယ် (ကန္တရဝတီ)၏ အစဖြစ်သည်။ ဘိုးဖိုးဒူသည် ဖိုးဗျားဒတ် လမ်းညွှန်သည့်အတိုင်း ဘိုးဖိုးဒေါ်ကို အခြေပြုကာ ပွန်ချောင်းနှင့် သံလွင်မြစ်အကြားတွင် နေထိုင်သည့် ကယားလီလူမျိုးကျေးရွာအားလုံးကိုစည်း ရုံးပြီး မိမိ၏နယ်ကိုထူထောင်သည့်အပြင် သံလွင်မြစ်အရှေ့ဖက်ကို ကူးပြီးသံလွင်မြစ်ထဲသို့စီးဝင်သည့် နာပါချောင်း၏ ချောင်းဖျားအထိ၎င်း၊ နာပါချောင်းထဲသို့ စီးဝင်သည့်ချောင်းငယ်အားလုံးတို့၏ချောင်းဖျားများအထိကျယ်ဝန်းသည့် အရှေ့ကရင်နီပြည်ကို တည်ထောင်ခဲ့လေသည်။


ဘိုးဖိုးဒူသည် ၁၈၄၅ ခုနှစ်တွင် ကွယ် လွန်အနိစ္စရောက်ခဲ့သည်။ ၎င်းကွယ်လွန်ပြီးသည့် နောက်တွင် လီးဖဲ (ခ) စဝ်လှဖေါ်က အရိုက်အရာကိုဆက်ခံသည်။ လီးဖဲ (စဝ်လှဖေါ်)လက်ထဲ ၁၈၈၉ ခုနှစ်ဒီဇင်ဘာလတွင် ဘိုးဖိုးဒူတည်ထောင်ထားသည့်ဘိုးဖိုးဒေါ်ကို နယ်ချဲ့အင်္ဂလိပ်စစ်တပ် ဝင်ရောက်တိုက် ခိုက်သိမ်းပိုက်သည်။ ထို့ကြောင့် ဘိုးဖိုးဒူ ထူထောင်သည့် အရှေ့ကရင်နီနယ်သည်နယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့လေသည်။

အင်္ဂလိပ်တို့ကိုခုခံတိုက်ခိုက်သည့် လီးဖဲ (စဝ်လှဖေါ်) သည်အင်္ဂလိပ်တို့ထံတွင် အညံ့မခံဘဲ ဖျာခုဒေါ် (ခ) ရွာသစ်အရှေ့ဖက်သံလွင်မြစ်ကမ်းဘေး ပဲလော်ခူ ( ခ ) ကျောက်တိုင်ရွာကလေးတွင် တိမ်းရှောင်ပုန်းအောင်းနေရင်း ကွယ်လွန်သွားလေသည်။ လီးဖဲ ( ခ ) စဝ်လှဖေါ်သည် မကွယ်လွန်ခင်မှာ တူဖြစ်သူ ဗီပဲ (စဝ်လှဗီ)ကိုမိမိ၏ကိုယ်စားအဖြစ်နှင့် အင်္ဂလိပ်တို့ထံသို့ စေလွှတ်လိုက်လေသည်။

ကောင်းရင်းစံဆိုးရင်ခံ နယ်ရှင်ဟာငါပါဘဲ့ဟု အင်္ဂလိပ်တို့ကို သွားရောက်ဝန်ခံဘို့ စေလွှတ်လိုက်ခြင်းဖြစ်လေသည်။ ဗီပဲ (စဝ်လှဗီ )သည် ဦးရီးတော်စေလွှတ်သည့်အတိုင်း အင်္ဂလိပ်တို့ထံသွားရောက်ပြီး အရှေ့ကရင်နီ၏ နယ်ရှင်ဟာ မိမိပါဘဲ့ ဟုဝန်ခံခဲ့လေသည်။အင်္ဂလိပ်တို့သည်နယ်ရှင်အဖြစ်လာရောက်တွေ့ဆုံသည့် ဗီပဲ (စဝ်လှဗီ ) ကို အရှေ့ကရင်နီနယ်၏ နယ်ရှင်အဖြစ် အသိအမှတ်ပြုလေသည်။ အရှေ့ကရင်နီနယ်အတွက် အင်္ဂလိပ်တို့သည် ဆာနဒ် ဥပဒေ ( ၁၂ ) ချက်ပြဋ္ဌာန်းပြီး ဗီပဲ ( စဝ်လှဗီ ) ကိုအုပ်ချုပ်စေ ခြင်းဖြစ်သည်။ ဗီပဲ (စဝ်လှဗီ ) ၏သားမြေးဆက်သည်အရှေ့ကရင်နီနယ်ကို ၁၉၆၀ ခုနှစ်၊ အထိအုပ်ချုပ်ခဲ့လေသည်။

## ဝိပဲ (စဝ်လှဝီ) သားစဉ်မြေးဆက်များ –

ခွန်းဝိပဲ (စဝ်လှဝီ)သည် ၁၈၈၉ ခုနှစ်မှ ကွယ်လွန်သည်အထိ အရှေ့ကရင်နီနယ်၏ နယ်ရှင်ဖြစ်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ကွယ်လွန်သည်။ ၎င်းကွယ်လွန်ချိန်၌ အရိုက်အရာကို ဆက်ခံမည့်သားတော် လီးဖဲ (ခွန်းခွန်လီး)သည်အရွယ်မရောက်သေးချေ။ သို့ဖြစ်သည့်အတွက် မဟာဒေဝီ နန်းစံမိန်းမ၏ သားတော် စဝ်ခွန်နန့်သည် ခွန်းအရိုက်အရာကို ဆက်ခံလေသည်။ ခွန်းဖြစ်လာသည့် စဝ်ခွန်နန့်သည် ၁၉၀၉ ခုနှစ်တွင် ကွယ်လွန်သွားပြန်သည်။ ၁၉၁၀ ခုနှစ်တွင် ခွန်းဝိပဲ (စဝ်လှဝီ)၏သားတော် လီးဖဲ (စဝ်ခွန်းလီး)ကိုအကြံပေးလူကြီး(၅)ဦးဖြင့်အရှေ့ ကရင်နီနယ်ကို ရင်ခွင်ပိုက်အုပ်ချုပ်လေသည်။ ၁၉၁၅ ခုနှစ်မှာ ခွန်းလီးဖဲ(စဝ်ခွန်လီး)အသက်အရွယ်ကြီးပြည့်လာသည့်အတွက် အကြံပေးလူကြီး(၅)ဦးကိုဖယ်ရှားပြီး အရှေ့ ကရင်နီနယ်ကို ခွန်းလီးဖဲသည် ကွယ်လွန်သည်အထိ အုပ်ချုပ်လေသည်။ ၁၉၃၀ ခုနှစ်တွင် ကွယ်လွန်သည်။ ခွန်းလီးဖဲသည် မိဖုရား(၄)ဦးရှိသည်။ ထိုသို့ မိဖုရား(၄)ဦးရှိသည့်အတွက် သားတော်များစွာရှိနေ၍ ကွယ်လွန်သွားပြီးချိန်၌ ခွန်းအရိုက်အရာကို သားများတို့သည် အပြိုင်အဆိုင် ခွန်းအရိုက်အရာကို ဆက်ခံလိုကြသဖြင့် အရှုပ်အထွေးများ ပေါ်ပေါက်ခဲ့လေသည်။ ခွန်းလီးဖဲ ကွယ်လွန်ပြီးသည့်နောက်တွင် အရှေ့ ကရင်နီနယ်၌ မည်သူက ခွန်းဖြစ်သည်ကို သတ်သတ်မှတ်မှတ်မရှိသည်မှာ ၁၉၆၂ ခုနှစ် အထိပင်ဖြစ်သည်။ (၁) ခွန်းစဝ်ဗီဏှာ (၂) ခွန်းစဝ်လှဝီ (၃) ခွန်းစဝ်ဝဏ္ဏ တို့သည် အထူးလူသိများပြီး ထင်ပေါ်သည့် အရှေ့ ကရင်နီနယ်၏ ခွန်းများဖြစ်ကြလေတော့သည်။



ခွီးလီးဖဲ တည်ဆောက်သည့် နန်းတော်ကြီး၊ လွိုင်ကော်မြို့ မင်္ဂလာရပ်

၁၈၈၉ ခုနှစ်တွင် ခွီးဗီပ (စဝ်လှဗီ)သည် အရှေ့ ကရင်နီပြည်၏ နယ်ရှင်အဖြစ် အင်္ဂလိပ်တို့၏ အသိအမှတ်ပြုခြင်းကိုရရှိပြီး စဝ်လုံ (ဘိုးဖိုး)ဒေါတွင် နန်းဟောင်ကြီးတစ်ဆောင်တည်ဆောက်ကာ အရှေ့ ကရင်နီကို အုပ်ချုပ်ခဲ့သည်။

၁၉၁၀ ခုနှစ်တွင် ခွီဗီပ(စဝ်လှဗီ) ၏ သားတော် စဝ်ခွန်လီး (ခွီးလီးဖဲ)သည် သိရိဒေါ ( လွိုင်ကော်)သို့ပြောင်းရွှေ့ကာနန်းဟောင်ကြီးအသစ်တစ်ဆောင်ထပ်မံ တည်ဆောက်ပြီး အရှေ့ ကရင်နီပြည်ကို အုပ်ချုပ်သည်။

<u>ခွီးလီးဖဲ၏ဇနီးများနှင့် သား/သမီးများ</u>

ဇနီးများ

၁။ မော်မာ (မဟာဒေဝီ) သား/သမီး (၁) စဝ်စိန်မြင့် (၂) စဝ်လှတီ (၃) စဝ်ဗီဏာ

၂။ နန်းဌေး (မြောက်နန်းစံ) သား/သမီး (၁) စဝ်လှဗီ (၂) စဝ်ကိုဗီ

၃။ စောမြ (တောင်နန်းစံ) သား/သမီး (၁) စဝ်ဝဏ္ဏ (၂) စဝ်ဒူး

၄။ ရွှေကျင် သား/သမီး (၁) စဝ်အုန်းညာ (၂) စဝ်သိန်း (၃) စဝ်ငွေသောင်း (၄) စဝ်ချစ်စု (၅) စဝ်ချစ် ၊ (၆) စဝ်ဗျူး

## ဂတိမတည် သူသည်ဗီဇွားသေသောကဲ့သို့သေစေ

၁၈ ရာစုနှစ်မှာ ကယားလီလူမျိုးတို့၏ခေါင်းဆောင် တစ်ဦးဖြစ်သည့် ကေးဖိုးဒူသည်ကြီးကျယ်ခန့်နားသည့် အင်္ဂလိပ်အင်ပါယာအစိုးရ၏ ကိုယ်စားလှယ်တော်တချို့တို့နှင့် မဟာမိတ်ဖွဲ့နိုင်ခဲ့သည်။ထိုသို့ မဟာမိတ်ဖွဲ့နိုင်ခဲ့ခြင်းကြောင့် ကယားလီကေး(တနည်း)ကရင်နီပြည်သည် လွတ်လပ်သောတိုင်းပြည်တပြည် ဟူ၍ပေါ်ပေါက် ထင်ပေါ်နိုင်ခဲ့သေးသည်မှာ ယနေ့အထိပင်ဖြစ်သည်။ ၁၈ ရာစုနှစ် များကတည်းက ကယား လီလူမျိုးတို့သည် အင်္ဂလိပ်လူမျိုးတို့နှင့် ရင်ဘောင်တန်းကာ မဟာ မိတ်ဖွဲ့နိုင်ခဲ့တဲ့အနေအထားမှာ တိုးတက်မှုရှိခဲ့သည်ဟုဆို နိုင်သည်။

၂၁ရာစုမှာကယားလီလူမျိုးတို့၏ တိုးတက်ဖြစ်ထွန်း နေသည့်အနေအထားကို အင်္ဂလိပ်လူမျိုးတို့နှင့် နိုင်းယှဉ်ပါက ဆီနှင့်ရေ အလား ကွာခြားနေသည်ကို မြင်တွေ့ကြရမည်ဖြစ် သည်။ ထိုသို့ဘာကြောင့်တိုးတက်မှုကွာခြားကြရပါသနည်း။ မင်းတို့ပြုသည့်သစ္စာ၊လူတို့တိုင်တည်သည့်ဂတိသည် အထင်အရှား အသက်တကယ်ရှိနေကြောင်းကို မီးမောင်း ထိုးပြသည့်သက်သေ သာဓက တခုပင်ဖြစ်မည် ဟုဆိုကမှားမည် မထင်ပါ။ ၁၈၈၇ ခုနှစ်က ထုတ်ဝေသည့် –"**THE LOYAL KARENS OF BURMA** by Donald Machenze Smeaton M . A (Mengal Civil Service)London Kegan Paul treuch+Co-Patterson Spuare (1887)သစ္စာရှိသောကရင်ဆိုသည့်စာအုပ်တွင်ရေးသားဖော်ပြထားသည့်

စိတ်ဝင်စားဖွယ်နှင့် စိတ်လှုပ်ရှားဖွယ် ကောင်းလှသည့်အနောက်ကရင်နီပြည်အကြီးအကဲ ကေးဖိုးဒူ၏သား ခူးတီနှင့် အင်္ဂလိပ်လူမျိုးဒေါက်တာ ဗီတွန် (**Dr.Vinton**)တို့ပြုလုပ်ခဲ့ကြသည့်မဟာမိတ်ဖွဲ့ကြရာ၌ တိုင်တည်ဆိုခဲ့ကြသည့် ဂတိသစ္စာတို့ကိုယနေ့လူငယ်လူရွယ် များတို့မှ စဉ်းစားဆင်ခြင်ကြရန်အတွက် မျှဝေပေးလိုက်ပါသည်။

Confederacies and powerful chiefs contract with one another,after going through certain strange ceremonies.Dr.Vinton made a compact in 1868 with Koo thee, the son of Kyet-phoe- gyee chief of Western Karen- nee, which he thus described: -

An ox was choosen with the greatest care; great attention was paid to the points of the animal, that it should be perfect in every part, and that no unlucky arrangement of the hair on any part should make the compact void.

"When, after looking over several hundred cattle, a luckly one was found, I paid half the price, and the chief the other.

"We stood each on one side of the ox and crossed our hands on the hump.The high priestess of the race(in this case Koo tee's own mother)stood in front of the ox. It was her duty to kill the animal at the proper time, but old age had made her far too weak for the office,so a stalwart Red Karen stood with his axe and knife ready to obey her orders.

"The conpact made was recited. I bound myself to report faithfully to the Chief Commissioner of British Burma, the exact state of the contest with the invading Burma forces, and, when-ever Kootee's messagers came properly accredited,I was to cor - rectly translate their communications,and urge to the extent to protection and friendship.

"In return, Koo tee bound himself to protect our free exercise of the Christian religion. Each was asked whether the pledge was recited aright.The old priestess then, solemnly raising the right hand,said'whichever party fails to the extent of his power to keep this contract, may be die like this ox.' The poor brute was stricken dead at a blow.

အထက်ပါ Donald Machenze Smeaton (MA ) ရေးသားဖော်ပြသားချက်ဟာ ၁၈၆၈ ခုနှစ်တုန်းက အောက်ဗမာပြည်ကိုအုပ်ချုပ်တဲ့ အင်္ဂလိပ်အစိုးရအဖွဲ့ဝင် Dr. Vinton ဟာအနောက်ကရင်နီပြည်ကေးလျား ( ကျယ်ဖိုးကြီး ) ရွာကိုရောက်ရှိလာပြီးတော့ ကေးဖိုးဒူ၏သား ခွီးတီနဲ့ မဟာမိတ်ဖွဲ့ခဲ့ကြပုံအနေအထားကို သိသာထင်ရှားအောင်ရေးသားဖော်ပြထားခြင်းဖြစ်တယ်။

အဲဒီ Dr. Vinton နဲ့ ခွီးတီတို့ မဟာမိတ်ဖွဲ့ကြဒါဟာ ၁၈၅၇ ခုနှစ်တုန်းက တောင်ငူမြို့မှာ အင်္ဂလိပ်အစိုးရအုပ်ချုပ်ရေးအရာရှိ Mr.O Ri Lay နဲ့ခွီးတီတို့ပြုလုပ်ကြတဲ့မဟာမိတ်ဖွဲ့ကြခြင်း အဆက်ဘဲဖြစ်တယ်။

အချိန်အခါက အနောက် ကရင်နီပြည်ကို အင်အားကြီးမားတဲ့ဗမာဘုရင်စစ်တပ်ဝင်ရောက်ပြီးဖျက်ဆီးတော့မဲ့အချိန်ဖြစ်တယ်။ အကြောင်းကတော့ ဗမာဘုရင် မင်းတုန်းမင်းကြီးရဲ့သားတော်များဖြစ်ကြတဲ့ မြင်းကွန်းမင်း၊ မင်းကုန်းနိုင်မင်းတို့ဟာ ဖခင်ကိုလုပ်ကြံပြီး ထီးနန်းကိုလုဖို့ကြိုးပမ်းခဲ့ကြတယ်။ အရေးတော်ပုံမအောင်မြင်တဲ့အတွက် ထွက်ပြေးတိမ်းရှောင်ပြီးအနောက် ကရင်နီပြည်မှာလာရောက်ခိုလုံတယ်။ အဲဒီအတွက်ကြောင့် ဗမာဘုရင်၏

သစ္စာတော်ခံတပ်မကြီးဟာ ထွက်ပြေးတိမ်းရှောင်တဲ့ မင်းသားနှစ်ပါးနောက်ကို ခြေရာခံပြီးလိုက်လာကြတယ်။ မိုးပြိနယ်၊ နန်းမယ်ခုံ တဗိုက်မှာ အင်အားအလုံးအရင်းနဲ့ ရောက်လာကာတပ်ချထားတဲ့အချိန်ဖြစ်တယ်။

အဲဒီလို အနောက် ကရင်နီပြည်ရဲ့ ကံကြမ္မာက သေရေးရှင်ရေးသမျှ စစ်ရေးဟာ သိပ်အရေးကြီးနေတဲ့အတွက် အကြီးအကဲဖြစ်တဲ့ ကေးဖိုးဒူ၏သား နိုးတီဟာ ကေးလျားရွာကိုရောက်ရှိ Dr. Vinton နဲ့တွေ့ပြီး၊ မဟာမိတ်ဖွဲ့ကြတာဟာအပြောမဟုတ်၊ လက်တွေ့တကယ်ကူညီကြရမယ် ဆိုတဲ့သဘောနဲ့ ထပ်မံပြီးဂတိသစ္စါတိုင်တည်ကြကာမဟာမိတ်ဖွဲ့ကြခြင်းကို နိုင်မာဒါထက်နိုင်မာအောင် မဟာမိတ်ဖွဲ့ကြခြင်းဖြစ်တယ်လို့ဆိုနိုင်တယ်။

အဲဒီ မဟာမိတ်ဖွဲ့ကြတဲ့ အနေအထားကို ရေးသားဖေါ်ပြထားဒါက အပြစ်ဆိုစရာမရှိတဲ့ နွားထီးကြီးတစ်ကောင်ကိုရွေးပြီး ကျသင့်တဲ့နွားတန်ဘိုးကို တဝက်စီပေးချေကြတယ်။ အဲဒီ နွားရဲ့ တဖက်တချက်မှာ Dr. Vinton နဲ့ နိုးတီတို့က မတ်တတ်ရပ်ကြတယ်။ မိမိတို့ရဲ့ လက်ကိုလည်း နွားရဲ့ဘို့ပေါ်မှာ တင်ထားကြတယ်။ အဲ့ဒီ အချိန်မှာ နိုးတီရဲ့အလွန်အိုမင်းနေပြီဖြစ်တဲ့ အမေက နွားရှေ့မှာ မတ်တတ်ရပ်ပြီး လက်ကိုနွားရဲ့ ဦးခေါင်းပေါ်မှာ မြှောက်ထားတယ်။ နောက်ပြီး မဟာမိတ်ဖြစ်ကြလို့ တာဝန်မကျေတဲ့သူဟာ ဒီနွားသေသကဲ့သို့ သေရလိမ့်မယ်လို့ ကျိန်ဆိုပြီး နွားကိုတစ်ချက်ထဲ ပေါက်ဆိန်နဲ့ ခုတ်သတ်လိုက်တယ်လို့ရေးသားဖေါ်ပြထားတယ်။

အဲဒီ အနေအထားမှာ အနောက် ကရင်နီပြည်နဲ့ အင်္ဂလိပ်တို့ပြုလုပ်ခဲ့ကြတဲ့ မဟာမိတ်ဟာ ပေါ့ပေါ့သေးသေးမဟုတ်ဘူး ဆိုတာထင်ရှားနေတယ်။ မဟာမိတ်ဖြစ်ကြတာကို အနိုင်အမာဖြစ်အောင် ဘုရားသိကြားထံအထိတိုင်တည်ပြီး ကျိန်ဆိုမှုပြုခဲ့ကြတယ်။ အဲဒီအတွက်ကြောင့် အနောက် ကရင်နီပြည်နဲ့ အင်္ဂလိပ်တို့ ၁၈၅၇ ခုနှစ်က ပြုလုပ်ခဲ့ကြတဲ့ မဟာမိတ်ဖြစ်ကြခြင်းကိစ္စဟာ ယနေ့တိုင် အသက်ရှိနေသေးတယ်လို့ ပြောယင်မမှားဘူးပေါ့။

အဲဒီ မဟာမိတ်ဖွဲ့ကြလို့ ကျိန်ဆိုမှုရှိကြပြီးတဲ့နောက်ပိုင်း ၁၈၇၅ ခုနှစ်မှာ အင်္ဂလိပ်တို့ဖက်က ဆာဒေါ့ကလပ်ဖေါ်ဆစ် ( Sir Dauglas Forsyth ) ဟာ ဗမာဘုရင် နန်းစံရာ အင်းဝကို သွားပြီး မိမိရဲ့မဟာမိတ် အနောက် ကရင်နီပြည် တည်ရှိနိုင်ရန် အားမခံချက်ရရှိရေးအတွက်အရေးကို ဆောင်ရွက်ပေးခဲ့တယ်။ ဆောင်ရွက်ပေးခဲ့တဲ့အတွက်လည်း ဘယ်သူမှ ငြင်းလို့မရနိုင်တော့တဲ့ အနောက် ကရင်နီပြည်ဟာ လွတ်လပ်တဲ့ ပြည်တစ်ပြည်ဖြစ်တယ်လို့ ပြောရမှာ ဖြစ်တယ်။ အနောက် ကရင်နီပြည်ဖက်မှာတော့ တိုင်တည်ဆိုခဲ့တဲ့ သစ္စါဂတိ မကျေပွန်သေးလို့ဘဲ နွားသေသလို သေနေလေရော သလား ॥ ॥စဉ်းစားကြပါစို့။

Collected and scanned by Shay Reh
(KnCC internship at Kantarawaddy Times -December 20